ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့၊ (18-9-2005)(၄၇၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တပ်မတော်အစိုးရခေတ် မြစ်ကူးတံတားကြီးများအနက် ၂၀၇ စင်းမြောက်အဖြစ် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်၌ မြစ်ငယ်တံတားဖွင့်ပွဲ ကျင်းပ

တားဆီးပိတ်ဆို့ ဟန့်တားမှုအပုံပုံကြားက ကိုယ့်ခွန်ကိုယ့်အားဖြင့် ဖြစ်ထွန်းလာသည့်အခြေခံကောင်းများသည် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးအားမာန်ကို ထင်ဟပ်ဖော်ပြနေ

ရန်ကုန် စက်တင်ဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၂)က တာဝန်ယူတည် ဆောက်ပြီးစီးသွားသော မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရ မြို့နယ်တို့အကြား ရန်ကုန်–မန္တလေး ခြောက်လမ်းသွားကားလမ်း ပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ်ဖြတ်သန်းတည်ဆောက်ထားသည့် မြစ်ငယ် တံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် အဆိုပါ တံတားအနီး စဉ့်ကိုင်မြို့နယ်ဘက်ခြမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေး မှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားပြီး တံတား၏ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော် ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မြစ်ငယ်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းအတွင်း သတ်မှတ်စီမံကိန်းဧက ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုး မိုးရွာသွန်းမှုနှင့် ရာသီဥတုအခြေအနေ မပေးပါက ဆည်ရေဖြင့် အောင်ရေပေးနိုင်ရေး တာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်း ကြပ်မတ် ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၅ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈-၉-၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်နှင့် အတတ်ပညာ၊ နည်းပညာများ ပေါင်းစပ်ကြိုးပမ်းအားထုတ်ခြင်းဖြင့် သဘာဝသယံဇာတများကို နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

သဘာဝသယံဇာတများကို ကြိုးပမ်းရှာဖွေ ထုတ်လုပ်လျက်ရှိရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် တစ်ခုအပါအဝင် ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကုန်းတွင်းပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များကို တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် ကမ်းလွန်ရေနံရှာဖွေရေး လုပ်ငန်းများကိုလည်း ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်း အကောင်အထည်ဖော်လျက်ရှိသည်။

ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်၌ စမ်းသပ်တူးဖော်တွေ့ရှိချက်များအရ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့ သိုက်တစ်ခုအဖြစ် အလားအလာကောင်းမွန်သည့် ဘူမိအနေအထားများ ဖြစ်ကြောင်းသိရသည်။

တနင်္သာရီကမ်းလွန်ဒေသရှိ ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် ထုတ်လုပ်ရေးတွင်းဟောင်းများနှင့် နောက်ထပ် တူးဖော်အောင်မြင်သည့် တွင်းသစ်များမှ သဘာဝဓာတ်ငွေ့များ နေ့စဉ်ထုတ်လုပ်ပေးနိုင်လျက်ရှိသည်။

နိုင်ငံတော်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိရာတွင် အချို့သောရေနံနှင့် သဘာဝ ဓာတ်ငွေ့မြေများမှာ အလားအလာကောင်းမွန်နေကြောင်း တွေ့ရသည်။

ဧရာဝတီတိုင်း ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းသစ်များ ရှာဖွေတူးဖော်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်။ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ်အမှတ်(၂၄)ကို အောင်မြင်စွာ တူးဖော်ပြီး စီးခဲ့ပြီဖြစ်ရာ အဆိုပါတွင်းသစ်မှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၅ ဒသမ ၂၀၈ သန်းခန့် ထုတ်လုပ်လျက်ရှိသည်။

ယခုတစ်ဖန် အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် တွင်းသစ်အမှတ်(၂၇)ကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြန်သည်။ ညောင်တုန်းတွင်းသစ်အမှတ်(၂၇)မှ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ လေးသန်းကျော်နှင့် လေဆီ ၂၂ စည်ကို ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၂၂ တွင်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၁၀၀ ခန့်နှင့် လေဆီ စည် ၈၀၀ ကျော် နေ့စဉ်ထုတ်လုပ်ပေးလျက် ရှိပေသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ တောင်ဘက်ပိုင်းရှိ ပေနက်ပိုင်း အလားအလာများနှင့် ဘူမိအနေအထား ဆက်စပ်လျက်ရှိသည့် မအူပင်၊ ဒေးဒရဲဒေသများ၌ တိုးချဲ့ရှာဖွေတူးဖော်နိုင်ရေး၊ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့အတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဖြစ်ထွန်းတည်ရှိမှု အလားအလာများကို အခြေခံပြီး စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံရေး ရည်မှန်းချက်နှင့်အညီ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပလုတ်တုတ်ကလေးဂျာနယ် မူကြိုအဆင့် ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပလုတ်တုတ်ကလေးဂျာနယ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၅ခုနှစ် နဝမအကြိမ်မြောက် ပလုတ်တုတ်ကလေးဂျာနယ် မူကြိုအဆင့် ကလေးပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်းရှိ အလုံမြို့နယ် အမှတ်(၄) မူလတန်းကြိုကျောင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြားပြီး ဆုရရင်သွေးငယ်လေးများအား ဆုများချီးမြှင့်သည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားသည်။

ယင်းနောက် ပလုတ်တုတ်ကလေးဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာသာထွန်းဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက စိတ်ကူးယဉ်အကြီးဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသော ရင်သွေးငယ်လေးများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က စိတ်ကူးယဉ်အငယ်ဆင့် ပန်းချီပြိုင်ပွဲဆုရ ရင်သွေးငယ်များအားလည်းကောင်း၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းကဆေးရောင်ခြယ် အကြီးဆင့် ပန်းချီပြိုင်ပွဲဆုရ ရင်သွေးငယ်များအားလည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ဆေးရောင်ခြယ်အငယ်ဆင့် ပန်းချီပြိုင်ပွဲဆုရ ရင်သွေးငယ်များအားလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက လက်ချောင်း ပန်းချီအကြီးဆင့် ပန်းချီပြိုင်ပွဲဆုရ ရင်သွေးငယ်များအားလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းခိုင်ကလက်ချောင်း ပန်းချီအငယ်ဆင့် ပန်းချီပြိုင်ပွဲဆုရ ရင်သွေးငယ်များအား လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက အလွတ်တန်း စိတ်ကူးယဉ်ပန်းချီပြိုင်ပွဲဆုရ ရင်သွေးငယ်များအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြသည်။

ယင်းနောက် ပလုတ်တုတ်ကလေးဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာသာထွန်းဦးက အကဲဖြတ် ဒိုင်လူကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲ၌ ဆုရရှိကြသော ရင်သွေးငယ်လေးများ၏ ဆုရပန်းချီကားများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပလုတ်တုတ်ကလေးဂျာနယ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၅ခုနှစ် နဝမအကြိမ်မြောက် ပလုတ်တုတ်ကလေးဂျာနယ် မူကြိုအဆင့် ကလေးပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ရင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မအူပင်လမ်းနေ ကွယ်လွန်သူ ဦးမျိုးထွန်း(SAE)အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်သန်းနှင့် မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စစ်ဘက်ခေါင်းဆောင်မှု၏မျက်နှာဖုံး စာအုပ်ဒုတိယအကြိမ်ပုံနှိပ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၀၃ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်သုတစာပေ) ဆွတ်ခူးရရှိခဲ့သည့် စာရေးဆရာ လှိုင်သင်း၏ **"စစ်ဘက်ခေါင်းဆောင်မှု၏မျက်နှာဖုံး"** စာအုပ်ကို ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ပြီ ဖြစ်ရာ ပါရမီစာပေ အမှတ်(၂၃၀) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိလျက်ရှိသည်။

(ယာပုံ)

မူရင်းစာအုပ်မှာ John Keegah ၏ The Mask of Command ဖြစ်ပြီး ဘာသာပြန်ဆိုပြုစုသူ စာရေးဆရာ လှိုင်သင်းက ၎င်း၏စာအုပ်ကို "ယခင်ရေးယခု ကြီးငယ်မဟူ မြန်မာ့စစ်သူရဲအားလုံးသို့ ရည်ညွှန်းပါသည်" ဟု ညွှန်းဆိုထားသည်။ (က-ပ)

စုပေါင်းသွေးလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ယာဉ်အပိုပစ္စည်းနှင့် စက်ကိရိယာပစ္စည်းများ ရောင်းဝယ်ရေးစခန်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနအတွက် တတိယအကြိမ် အလှူငွေ ပေးအပ်ပွဲနှင့် သွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉နာရီက ဈေးသာယာရေးအဖွဲ့ရုံးခန်းတွင်ကျင်းပရာ သွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုရင့်နောင်ဈေးကြီး မိသားစုများက ငွေကျပ် ၇၆၂၉၀၀ကို လှူဒါန်းကြရာ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဘုရင့်နောင်ဈေး မိသားစုများက သွေးများလှူဒါန်းကြသည်။ **(ယာပုံ)**

(သတင်းစဉ်)

စက်တင်ဘာ ၁၅ရက်က မင်္ဂလာဒုံမြို့နယ် ဓမ္မသိဒ္ဓိသီလရှင် ပညာရေးကျောင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ လှူဒါန်းသည့် ဗလာစာအုပ်နှင့်ခဲတံများကို ရန်ကုန်မြောက်ပိုင်းခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေက ကျောင်းအုပ်သီလရှင် ဆရာကြီးထံဆက်ကပ်စဉ်။ (မိခင်/ကလေး)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ ဗုံးနှစ်လုံးပေါက်ကွဲ၊ ကန်တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရ

ကဘူး စက်တင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်တွင် ဗုံးနှစ်လုံး အင်္ဂါနေ့ကပေါက်ကွဲရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ရဲအရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။ ကန်ဒါဟာပြည်နယ်သည် တာလီဘန်ပြောက်ကျားများ၏ ခြေကုပ်စခန်းဟောင်းတစ်ခုဖြစ်သည်။

ကန်ဒါဟာပြည်နယ် ဟက်ဇ်ရာတီဒေသတွင် အမေရိကန်စစ်ဘက် ယာဉ်တန်းဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲအရာရှိ ရာဟင်အန်ဝါက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ပေါက်ကွဲမှုသည် ဟက်ဇ်ရာတီဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ စင်ဒီမိုးက အတည်ပြုပြောကြားသည်။

ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အနီးရှိ စစ်အခြေစိုက်စခန်းသို့ ဆေးကုသရန် ချက်ချင်းပို့ပေးလိုက်ကြောင်း၊ ယခုအခါ သက်သာသွားပြီဖြစ်၍ လုပ်ငန်းတာဝန်ပြန်လည် ထမ်းဆောင်နေကြောင်း စင်ဒီမိုးက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

မော်တော် ယာဉ်မောင်းတစ်ဦးက ရဲကင်းအား လက်ပစ်ဗုံးဖြင့် ပစ်မှတ်ထားတိုက်ခိုက်သွားသဖြင့် နောက်ထပ်ပေါက်ကွဲမှုတစ်ခု ကုရှ်မူရက်စ်ဒေသတွင် ဖြစ်ပွားခဲ့သော်လည်း လူသေဆုံးမှုမရှိကြောင်း ဖော်ပြပါ ရဲအရာရှိက ထပ်လောင်းပြောကြားသည်။

တရားခံလက်သည်ကို ဖမ်းဆီးထားကြောင်း၊ ယင်းတိုက်ခိုက်မှုနှစ်ခုစလုံးနှင့် ပတ်သက်၍ မည်သည့်အုပ်စု၏ လက်ချက်ဟု ကြေညာခြင်းမရှိသေးပေ။

တာလီဘန် ပြောက်ကျားများသည် စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲအား ကမောက်ကမဖြစ်စေရန် သန္နိဋ္ဌာန်ချမှတ်ထားကာ အထူးသဖြင့် တောင်ပိုင်းဒေသရှိ ပြည်နယ်များတွင် အရှိန်မြှင့်တိုက်ခိုက်လျက်ရှိကြသည်။**အမ်အင်အေ၊ဆင်ဟွာ။**

ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ယာဉ်တန်း ဗုံးဖောက်ခွဲခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းဒေသတွင် အမေရိကန်စစ်ဘက်မှ မော်တော်ယာဉ်တန်းကို ကားဗုံးဖောက်ခွဲမှု ဗုဒ္ဓဟူးနေ့က ဖြစ်ပွားရာ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

အယ်လ်-ဂျာဒီဒါခရိုင်ရှိ အဝေးပြေးလမ်းမပေါ်တွင် နံနက် ၁၁ နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့က ယင်းဒေသအား အသွားအလာ ပိတ်ဆို့ထားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် အရပ်သားသေဆုံးမှုမရှိကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုရှိ၊ မရှိလည်း သိရှိရန်ခက်ခဲလှသည်ဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ အမေရိကန်စစ်ဘက်ကမူ ယင်းတိုက်ခိုက်မှုကို အတည်ပြုပြောကြားခြင်း မရှိသေးပေ။

သီးခြားဖြစ်ရပ်တစ်ခုအဖြစ် အမေရိကန် စစ်ယာဉ်တန်းအား ဗုံးဖောက်ခွဲရေးသမားက ဗုံးဖောက်ခွဲရန် ပျက်ကွက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များက ဆီးရီးယားနိုင်ငံသား တစ်ဦးအား ဖမ်းထားကြောင်း ဖော်ပြပါသတင်းရပ်ကွက်က အမေရိကန်စစ်အရာရှိအား ကိုးကား၍ ပြောကြားသည်။

အောင်မြင်မှုမရှိခဲ့သည့်အဆိုပါ ဗုံးဖောက်ခွဲမှုသည် ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်း အဝေးပြေးလမ်းမပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဂါဇာဒေသလုံခြုံရေး အီဂျစ်တပ်ဖွဲ့များကိုချထား လက်နက်မှောင်ခိုတင်သွင်းသော ဥမင်တွေ့ရှိ

ကိုင်ရို စက်တင်ဘာ ၁၆

ဂါဇာကမ်းမြောင်ဒေသတွင်လက်နက်မှောင်ခို တင်သွင်းရာ၌ ပါလက်စတိုင်းတို့အသုံးပြုသော ဥမင်လိုဏ်ခေါင်းတစ်ခုကို အီဂျစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များက တွေ့ရှိကြောင်း စက်တင်ဘာ ၁၄ ရက်တွင် လုံခြုံရေးဆိုင်ရာများက ပြောကြားသည်။

ဖျက်ဆီး

ဥမင်အတွင်း၌ စက်သေနတ်နှင့် ဒုံးပစ်လောင်ချာများ အပါအဝင် လက်နက်အတော်များများကို တွေ့ရှိရကြောင်း၊ ယင်းပစ္စည်းများကို ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာများက ဆက်လက်ပြောကြားသည်။

တွေ့ရှိ

ဂါဇာဒေသကို အစ္စရေးတပ်ဖွဲ့က ၃၈ နှစ်ကြာသိမ်းပိုက်ထားရာမှ စွန့်ခွာသွားပြီးနောက် လစ်ဟာသွားသောနေရာ၌ အီဂျစ်တပ်ဖွဲ့များကို လုံခြုံရေးတာဝန်ယူရန် အစားထိုးချထားချိန်တွင် လက်နက်များကို တွေ့ရှိရခြင်းဖြစ်သည်။

အစ္စရေးတို့ ဂါဇာမှ ထွက်ခွာသွားပြီးနောက် ထိုဒေသအတွင်းသို့ ပါလက်စတိုင်း ထောင်ပေါင်းများစွာတို့ ဝင်ရောက်ခဲ့ကြသည့်နည်းတူ အီဂျစ်လူမျိုး အတော်များများမှာလည်း ထိုဒေသသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။ အဆိုပါ ဒေသ၏လုံခြုံရေးကို တာဝန်ယူရန် အင်အား ၇၅၀ ရှိသော အီဂျစ်တပ်ဖွဲ့များကို ဖြန့်ကြက်ထားခဲ့သည်။

ဂါဇာဒေသတွင် ယခင်အခါကလည်း လက်နက်မှောင်ခို သယ်ဆောင်ရာ၌ အသုံးပြုသောဥမင်များကို မကြာခဏတွေ့ရှိရသည့် အဖြစ်အပျက်များ ရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးဇီလန်တွင် လေယာဉ်တစ်စီး အပိုင်စီးခံရ အောက်ကလန်မြို့ အဆောက်အအုံကို တိုက်မည်ဟု ခြိမ်းခြောက်ခဲ့

ဝယ်လင်တန် စက်တင်ဘာ ၁၇

နယူးဇီလန်နိုင်ငံတွင် လေယာဉ်ငယ်တစ်စင်းကို အပိုင်စီးသွားသူ တစ်ဦးက ထိုလေယာဉ်ဖြင့် အောက်ကလန်မြို့ရှိ အမြင့်ဆုံးအဆောက်အအုံကို ဝင်တိုက်မည်ဖြစ်ကြောင်းခြိမ်းခြောက်ခဲ့ပြီးနောက် ယင်းလေယာဉ်သည် အောက်ကလန်မြို့ ဆိပ်ကမ်းဆီသို့ ပျက်ကျသွားကြောင်း နယူးဇီလန်ရေဒီယိုက စက်တင်ဘာ ၁၇ရက်တွင် ကြေညာခဲ့သည်။

အပိုင်စီးခံလေယာဉ်မှ ခြိမ်းခြောက်မှုကို သိရပြီးနောက် ပေ ၁၁၄၀မြင့်သော စကိုင်းတာဝါ အဆောက်အအုံမှ လူများကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့သည်။ အဆိုပါလေယာဉ်ကို အောက်ကလန်မြို့ တောင်ပိုင်းရှိ ဒေသခံလေဆိပ်တစ်ခုမှ ခိုးယူသွားခြင်းဖြစ်ကြောင်း သတင်းက ဖော်ပြသည်။

အောက်ကလန်မြို့ရှိ စကိုင်းတာဝါ မှာ နယူးဇီလန်နိုင်ငံအတွင်း အကြီးဆုံး အဆောက်အအုံဖြစ်ပြီး ထိုအဆောက်အအုံတွင် ကာစီနိုလောင်းကစားဝိုင်းနှင့် ဟိုတယ်များ တည်ရှိသည်။

အပိုင်စီးခံခဲ့ရသော လေယာဉ်ပေါ်တွင် ခရီးသည်မည်မျှပါသွားသည်ဟူသော အချက်နှင့် ၎င်းခရီးသည်များ၏ အခြေအနေမည်သို့ရှိသည်ကို သိရှိရခြင်းမရှိဟုဆိုသည်။လေယာဉ်ပျက်ကျသွားရာသို့ ရဲတပ်ဖွဲ့မှ သင်္ဘောများ အမြန်သွားရောက်ခဲ့ကြကြောင်းသာ သိရပြီး အခြားအခြေအနေ အရပ်ရပ်ကို သိရှိရခြင်း မရှိကြောင်း သတင်းက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဦးနှောက်သေဆုံးနေသော အမျိုးသမီး၏ရင်သွေးငယ် မွေးဖွားပြီး ရက်သတ္တပတ်ငါးပတ်အကြာတွင် သေဆုံး

ဝါရှင်တန် စက်တင်ဘာ ၁၆

အမေရိကန်နိုင်ငံတွင် ဦးနှောက်သေဆုံးနေသူ ဗာဂျီးနီးယားအမျိုးသမီးတစ်ဦးက သမီးငယ်လေးတစ်ဦးကို ဩဂုတ်လအတွင်းက မွေးဖွားခဲ့သော်လည်း ထိုကလေးသည် စက်တင်ဘာ ၁၂ ရက် စောစောပိုင်းတွင် သေဆုံးသွားခဲ့သည်ဟု အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

ရက်သတ္တပတ်ငါးပတ်မျှ အသက်ဆက်လက်ရှင်နေပြီးနောက် ယမန်နေ့ညက ထိုကလေး အူပေါက်သွားသည့်အတွက် ခွဲစိတ်ကုသမှုခံယူပြီး သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

- ဗိုက်ခွဲမွေး -

ဦးနှောက်သေဆုံးနေသူ အမျိုးသမီးသည် ဩဂုတ် ၂ရက်တွင် အဆိုပါကလေးကို ဗိုက်ခွဲ၍ မွေးဖွားခဲ့ရသည်။ ဗာဂျီနီးယားဆေးရုံတွင် ကလေးမိခင်ကို သုံးလနီးပါး အစာရေစာများသွင်း၍ အသက်ဆက်လက်ရှင်သန်စေရန် ခေတ်မီဆေးပညာ အကူအညီဖြင့် ဖန်တီးပေးခဲ့ရသည်။

အဆိုပါ အမျိုးသမီးသည် မေလ ၇ရက်တွင် ဦးနှောက်သေဆုံးခဲ့ရသည့်အတွက် အသက်ရှူစက်၊ နှလုံးခုန်စက်များအကူဖြင့် အသက်မသေအောင် ဖန်တီးထားခဲ့ရသည်။

- ဆေးပညာအကူ -

အာလင်တန်ဒေသ ဗာဂျီးနီးယားဆေးရုံရှိ ဆရာဝန်များက သူမသည် ပြန်လည် အသက်မရှင်နိုင်တော့ကြောင်း ပြောကြားခဲ့သည်။ သို့သော် သူမ၏မိသားစုက သန္ဓေသား ကလေးငယ် ဖွံ့ဖြိုးရန်အတွက် သူမကို အစာရေစာများသွင်းကာ အသက်မသေစေရန် ဆေးပညာအကူအညီ ရယူခဲ့ကြသည်။

၎င်းမိခင် ကိုယ်ဝန်လွယ်ထားသော တစ်ပေါင်နှင့် ၁၃အောင်စ အလေးချိန်ရှိ သမီးကလေးကို ခွဲစိတ်မွေးဖွားခဲ့သည်။ ကလေးသည် မွေးဖွားခဲ့စဉ်အတွင်း မည်သည့်ရောဂါမျှ မရှိခဲ့ကြောင်း မိသားစုဝင်များက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ကူရီဘိချ်ဒေသတွင် အော်ဖီလီယာဟာရီကိန်း မုန်တိုင်းတိုက်ခတ်ပြီးနောက် ပျက်စီးသွားသော ဓာတ်ဆီဆိုင်တစ်ဆိုင်ကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျီးရီးယားတွင် ရထားလမ်းချော် လေးဦးသေဆုံး ၂၄ ဦး ဒဏ်ရာရ

အယ်လ်ဂျီယာ့စ် စက်တင်ဘာ ၁၆

အယ်လ်ဂျီးရီးယားနိုင်ငံတွင် ခရီးဝေးအလုပ်ဆင်းသူများစီးသော ရထားတစ်စင်းသည် သတ်မှတ်အမြန်နှုန်းထားထက် ကျော်လွန်မောင်းနှင်ခဲ့သည့်အတွက် ရထားလမ်းချော်မှု ဗုဒ္ဓဟူးနေ့တွင်ဖြစ်ပွားခဲ့ကြောင်း၊ ခရီးသည် လေးဦးထက်မနည်း သေဆုံးပြီး ၂၄ဦးဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ ထိုရထားတွင် တွဲပေါင်း ၁၅ တွဲပါရှိပြီး ခရီးသည် ၃၀၀ ခန့် စီးနင်းလိုက်ပါလာသည်။

အယ်လ်ဂျီယာ့စ်မြို့ အရှေ့ဘက်ကီလိုမီတာ ၁၀၀ ခန့်အကွာ အာမာဒေသအနီးတွင် ထိုရထား၏ တွဲငါးတွဲ လမ်းချော်တိမ်းမှောက်ခဲ့သည်။ ရထားလမ်းချော်ရခြင်း၏ အကြောင်းရင်းကို တစ်စုံတစ်ရာ မသိရှိရသေးကြောင်း၊ ထိုသို့ဖြစ်ပွားရခြင်းသည် သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်စွာမောင်းနှင်မှုကြောင့်ဟု ယူဆထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီး မိုဟာမက်ဒ်မာလာအူက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ခြောက်လမ်းသွားတံတားသစ်ကြီး ပေါ်ထွန်းလာ
တိုင်းရင်းသားပြည်သူများအကြား ဆက်သွယ်ဆက်ဆံမှု၊ ကုန်စည်စီးဆင်းမှု ပိုမိုတိုးတက်လာမည်

✧ **ရှေ့ဖုံးမှ**

ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် မင်္ဂလာစည်တော်အက အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် တပ်မတော်အစိုးရခေတ်ကာလတွင် တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက် မြစ်ကူးတံတားကြီးများအနက် ၂၀၇ စင်းမြောက်ဖြစ်သော မြစ်ငယ်တံတားကြီးကို တပ်မတော်အစိုးရက နိုင်ငံတော်၏တာဝန်ကို ရယူပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို စတင်ကူးပြောင်းတည်ဆောက်လာခဲ့သည့်ကာလ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ယခုကဲ့သို့ ကြိုဆိုဂုဏ်ပြု ဖွင့်လှစ်နိုင်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဤသည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ပြည်သူများအတွက်ရော မိမိတို့တပ်မတော်အစိုးရအတွက်ပါ အလွန်ပင်ကျက်သရေမင်္ဂလာရှိလှသည့် အမျိုးသားရေး အနှစ်သာရနှင့်ပြည့်ဝလှသည့် တိုးတက်ဖြစ်ထွန်းမှု တစ်ခုဖြစ်သည်ဟု မှတ်ယူထားပါကြောင်း ပထမဦးစွာ ပြောကြားလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းတွင် ထူးခြားလေးနက်သည့် ပြောင်းလဲတိုးတက်မှုတစ်ရပ်အဖြစ် မော်ကွန်းရေးထိုးရမည့် နိုင်ငံတော်သစ်တည်ဆောက်ရေး ခေတ်ပြောင်းစနစ်ပြောင်း ကြိုးပမ်းအားထုတ်မှု တစ်ရပ်ဖြစ်သော ဤမြစ်ငယ်တံတားကြီးသည် နှစ်ပေါင်းရှည်ကြာစွာ ဝင့်ဝင့်ကြွားကြွား တည်တံ့နေတော့မှာ ဖြစ်ပါသည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း။

ဝမ်းမြောက်ပီတိဖြစ်

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အဓိကပင်မဆက်သွယ်ရေး လမ်းကြောင်းကြီးဖြစ်သည့် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယခုကဲ့သို့ ခြောက်လမ်းသွားတံတားသစ်ကြီး ပေါ်ထွန်းလာခြင်းကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းအသီးသီးက တိုင်းရင်းသားပြည်သူများအကြား ဆက်သွယ်ဆက်ဆံမှု၊ ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှုတို့ သိသိသာသာ ပိုမိုတိုးတက်ချောမွေ့ကောင်း မွန်လာမည်ကို မျှော်တွေးပြီး တိုင်းရင်းသားပြည်သူများနှင့် ထပ်တူထပ်မျှ များစွာဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်း တစ်ဆက်တည်းပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရအောင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ယှက်နွယ်ပေါင်းစည်းပြီး ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ နိုင်ငံတော်နှင့်တကွ ပြည်သူများ စီးပွားရေးတိုးတက်စည်ပင်လာစေရအောင်၊ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများကို နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူများအားလုံး မျှဝေခံစားပြီး လူနေမှုဘဝအဆင့်အတန်း မြင့်မြင့်မားမား နေနိုင်စေရအောင် အမြဲမပြတ် သုံးသပ်ကြံဆပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဖြန့်ကြက်ပေါ်ထွန်း

ထို့ကြောင့် မိမိတို့ တပ်မတော်အစိုးရခေတ်ကာလတွင် တိုင်းရင်းသား ပြည်သူများအတွက် ထိရောက်စွာ အကျိုးဖြစ်ထွန်းလျက်ရှိသည့် ဆည်မြောင်းတာတမံများ၊ ရထားလမ်းကားလမ်းသစ်များ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းများအပါအဝင် လေယာဉ်ကွင်းသစ်များ၊ နိုင်ငံတကာအဆင့်မီ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ၊ စက်ရုံ အလုပ်ရုံကြီးများ၊ ရေအားလျှပ်စစ်စက်ရုံကြီးများ၊ သဘာဝဓာတ်ငွေ့သုံးနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများစသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများသည် တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် ဆင့်ကာဆင့်ကာ ဖြန့်ကြက်ပေါ်ထွန်းလာလျက်ရှိနေခြင်းပင်ဖြစ်ကြောင်း။

ဤသို့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများ တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး အစီအရီ တည်ဆောက်လာနိုင်ခဲ့သည်မှာလည်း မိမိတို့ တပ်မတော်အစိုးရအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒနှင့်အညီ အမျိုးသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုတို့ကို အလေးထားဖော်ဆောင်နိုင်ခဲ့သည့်အတွက် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးစည်ပင်တိုးတက်မှု အခြေခံကောင်းများ၊ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားမှု အခြေခံကောင်းများ တစ်ပါတည်းဖြစ်ထွန်းလာခဲ့မှု၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဦးစားပေးဖောက်လုပ်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းမြေ့ လွယ်ကူစွာ ခရီးသွားလာနိုင်စေရန်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းစေရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံတိုးတက်မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်စေရန်မှာ ပဓာနကျသည့် မြစ်ကူးချောင်းကူး တံတားကြီးများနှင့် လမ်းမကြီးများကို အထူးဦးစားပေး ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိနေကြောင်း။

ထို့ကြောင့် ၁၉၈၈ခုနှစ်က ပြည်ထောင်စုလမ်းမကြီးပေါင်း ၄၆၁ လမ်းနှင့် လမ်းမိုင်အရှည် ၁၃၆၃၅ မိုင်သာ ရှိခဲ့ရာမှ မိမိတို့ခေတ်ကာလတွင် လမ်းမကြီးပေါင်း ၁၆၀ နှင့် လမ်းမိုင်ပေါင်း ၅၀၀၅ မိုင် တိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် လမ်းမကြီးပေါင်း ၆၂၁ လမ်းနှင့် လမ်းမိုင်အရှည် ၁၈၆၄၀ မိုင် ရှိလာခဲ့ပြီဖြစ်ကြောင်း။

အရေအတွက်သဘောအရကြည့်လျှင် မထူးခြားလှဘူးဟု ထင်ရသော်လည်း လက်တွေ့ဘဝမှာကြည့်လျှင် ယခင် မြစ်ငယ်တံတားဟောင်းပေါ်တွင် ကားများ တစ်စီးနှင့်တစ်စီး စောင့်ဆိုင်း ရှောင်လွှဲသွားနေရသည့် အခြေအနေကယခု ခြောက်လမ်းသွား တံတားသစ်ကြီးပေါ်တွင် အရှိန်အဟုန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့တို့အကြား ရန်ကုန်–မန္တလေး ခြောက်လမ်းသွား လမ်းမပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ် ဖြတ်သန်းတည်ဆောက်ထားသည့် မြစ်ငယ်တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မပျက် မောင်းနှင်ဖြတ်ကူး၍ရသည့် အခြေအနေများသည် များစွာကွာခြားမှာ အမှန်ပင်ဖြစ်ကြောင်း။

လွယ်ကူချောမွေ့

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းကဲ့သို့ မြစ်ချောင်းများ ပေါများလှသည့် ဒေသများတွင် မြစ်ကူးချောင်းကူး တံတားကြီးများနှင့် လမ်းမကြီးများပေါ်ထွန်းလာမှုကြောင့် မော်တော်ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့် အခြေအနေများ၊ ရှမ်းပြည်နယ်ကဲ့သို့ တောင်တန်းထူထပ်သည့် ဒေသတွင် လမ်းအသွယ်သွယ် ခရီးအမျိုးမျိုး ကွန်ရက်သဖွယ် ဆက်စပ်ဖြစ်ထွန်းလာသည့် အခြေအနေများ၊ ရန်ကုန်–မန္တလေးလမ်း၊ မန္တလေး–မူဆယ်လမ်းတို့ နေ့ချင်းခရီးပေါက်လာသည့် အခြေအနေများသည် ပြည်သူများအတွက် ထူးခြားသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေသည်ဆိုသည်ကို မည်သူမျှ ငြင်းနိုင်မှာ မဟုတ်သည့် အမှန်တရားပင်ဖြစ်ကြောင်း။

တံတားကြီးများအနေဖြင့် ကြည့်မည်ဆိုလျှင် ယခင်ခေတ်ကာလက ဧရာဝတီမြစ်ကူး (စစ်ကိုင်း) တံတားတစ်စင်းသာ ရှိခဲ့ရာက မိမိတို့ခေတ်ကာလတွင် ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း အပါအဝင် ပေ ၁၈၀ အထက်တံတားကြီး ၂၀၇ စင်း တိုးပွားလာခဲ့ပြီဖြစ်ကြောင်း။

ယင်းတံတားကြီး ၂၀၇ စင်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၂၆၆၅၁ ဒသမ ၆၉၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၇၂ သန်းကျော် ကုန်ကျခဲ့ရသော်လည်း ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးတရားများ ပွားများဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍတွင်လည်း ရထားလမ်းများ အဆင့်မြှင့်မွမ်းမံမှုများ၊ တိုးချဲ့ဖောက်လုပ်မှုများ ဆောင်ရွက်ပေးခဲ့ရာတွင် တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့အထိ ခရီးဆန့်ဖောက်လုပ်ပေးခဲ့သည့်အပြင် သွားလာရေးခက်ခဲသည့်မကွေး တိုင်း၊ ဂန့်ဂေါ၊ ယော၊ ဆောဒေသတွင် ခေတ်မီနည်းပညာများ အသုံးပြုပြီး ပုံညာတောင် ကြောကို ဥမင်ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ၁၉၈၈ ခုနှစ်ကာလက ရထားလမ်းခရီးမိုင် ၁၉၇၆ မိုင်ကျော်၊ သံလမ်းမိုင် ၂၇၉၀ ကျော်သာ ရှိခဲ့ရာမှ ယခုဆိုလျှင် ခရီးမိုင် ၁၀၆၆ မိုင်ကျော်၊ သံလမ်းမိုင် ၁၁၆၀ ခန့် တိုးပွားလာပြီး စုစုပေါင်း ခရီးမိုင် ၃၀၀၀ ကျော်နှင့် သံလမ်းမိုင် ၄၀၀၀ ကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကစီးပွားရေးအရင်းအမြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခဲ့ရာတွင်လည်း မိမိတို့ တပ်မတော်အစိုးရခေတ်ကာလတွင်ဆည်မြောင်းတာတမံပေါင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများဖြစ်ပေါ်

☆ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းကဲ့သို့ မြစ်ချောင်းများ ပေါများလှသည့် ဒေသများတွင် မြစ်ကူးချောင်းကူး တံတားကြီးများနှင့် လမ်းမကြီးများ ပေါ်ထွန်းလာမှုကြောင့် မော်တော်ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့် အခြေအနေများ၊

☆ ရှမ်းပြည်နယ်ကဲ့သို့ တောင်တန်းထူထပ်သည့် ဒေသတွင် လမ်းအသွယ်သွယ် ခရီးအမျိုးမျိုး ကွန်ရက်သဖွယ် ဆက်စပ်ဖြစ်ထွန်းလာသည့် အခြေအနေများ၊

☆ ရန်ကုန်–မန္တလေးလမ်း၊ မန္တလေး–မူဆယ်လမ်းတို့ နေ့ချင်းခရီးပေါက်လာသည့် အခြေအနေများသည် ပြည်သူများအတွက် ထူးခြားသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေသည်ဆိုသည်ကို မည်သူမျှ ငြင်းနိုင်မှာမဟုတ်။

ယခုဆိုလျှင် နိုင်ငံတော်က မျှော်မှန်းသည့် အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည့် အခြေခံကောင်းများ အတော်ပင်ပြည့်စုံ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ငယ်တံတား မော်ကွန်းကမ္ဗည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ဆောင်ရွက်ပေးမှုများမှာ ဖြူစင်သည့် စေတနာနှင့် စစ်မှန်သည့် ကြိုးပမ်းအားထုတ်မှုများ ပေါ်လွင်ထင်ရှား

● စာမျက်နှာ ၄ မှ

၁၇၇ ခု တိုးပွားလာခဲ့ပြီး လယ်မြေဧက ၂ ဒသမ ၄ သန်းကျော်ကို အကျိုးပြုလျက်ရှိပြီဖြစ်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများအနေဖြင့်လည်း ၂၉၃ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး လယ်မြေဧကလေး သိန်းနီးပါးကို အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း။

တိုးပွားလာသည့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရန် ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံးနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား စက်ရုံစီမံကိန်းများကို တစ်နိုင်ငံလုံးတွင် အကွက်ချတည်ဆောက်ပေးခဲ့သည့်အတွက် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ရေအားလျှပ်စစ်စီမံကိန်း ၃၀ ခု၊ ဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ လေးရုံနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံတို့ တိုးပွားဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ယင်းစီမံကိန်းများအတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်းပေါင်း လေးသောင်းခန့်၊ အမေရိကန်ဒေါ်လာ ၅၁၆ သန်းကျော်၊ ဂျပန်ယန်းငွေသန်း ၁၆၈၀၀ကျော်နှင့် ဩစတြေးလျ ရှီလင် ၂၃ သန်းကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် လျှပ်စစ်စွမ်းအားကဏ္ဍတွင် စက်တပ်ဆင်အင်အား ၈၃၃ မဂ္ဂါဝပ် ရှိလာပြီး လက်ရှိမဂ္ဂါဝပ် ၆၀၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်နေပြီဖြစ်ကြောင်း။

အလားတူပင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တက္ကသိုလ်ကြီးများ၊ အထူးကုဆေးရုံကြီးများသည် ပြည်နယ်၊ တိုင်း၊ မြို့ကြီးများနှင့် ဖွံ့ဖြိုးရေး အထူးဒေသကြီးများကို အခြေပြုပြီး ဖြန့်ကြက်ပေါ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

ထုနှင့်ထည်နှင့်တိုးပွား

ယခု မြစ်ငယ်တံတားကြီးတည်ရှိရာ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ ကြည့်လျှင်ပင် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်စသည့်တက္ကသိုလ်ကြီးများ၊ ခုတင် (၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီးနှင့် အထူးကုဆေးရုံကြီးများ၊ ကျောက်ဆည်စက်မှုနယ်မြေနှင့် အကြီးစားစက်ရုံ အလုပ်ရုံကြီးများ စသည့် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍ တိုးတက်ဖြစ်ထွန်းရေး အခြေခံကောင်းများသည် ထုနှင့်ထည်နှင့် တိုးပွားဖြစ်ထွန်းနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာရေး၊ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို နေ့ညမနားမနေ စဉ်ဆက်မပြတ်အားထုတ်ကြိုးပမ်း တည်ဆောက်ပေးနေသော်လည်း ယင်းစွမ်းဆောင်မှုများကို အစိုးရတစ်ရပ်၏ သာမန်လုပ်ရိုးလုပ်စဉ်လုပ်ငန်းများသဖွယ် သေးသိမ်အောင် ရှုတ်ချပြောဆိုမှုများရှိနေသည်ကိုလည်း ကြားသိနေကြရမှာဖြစ်ကြောင်း။

ဂုဏ်ယူဝင့်ကြွားဖွယ်

အမှန်တကယ်အားဖြင့်အတိတ်ကာလက တိုင်းရင်းသားသွေးချင်းသားရင်း ညီအစ်ကို မောင်နှမများ အချင်းချင်းသံသယပွားအချင်းများမှုများ၊ နိုင်ငံရေးပါတီများ၏ အုပ်ကွဲသင်းကွဲ ပဋိပက္ခများကြောင့် အဟောသိကံ အချည်းနှီးဖြစ်ခဲ့ရသည့် အခြေအနေများကြားက ပေါင်းစည်းညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများပေါ်ထွန်းလာစေရအောင် ကြိုးပမ်းအားထုတ်ခဲ့ရပြီးမှ ယခုကဲ့သို့ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို မည်သူ၏အားပေး ထောက်ပံ့မှုမျှမရှိဘဲ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်တိုင်းရင်းသားပညာရှင်များ၏စွမ်းအား၊ ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှု စွမ်းအားတို့ဖြင့် တည်ဆောက်ခဲ့ရသည်ဖြစ်၍ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်စွမ်းဆောင်မှုများဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

တားဆီးပိတ်ဆို့ဟန့်တားမှု အဖုံဖုံကြားက ကိုယ့်ခွန်ကိုယ့်အားဖြင့် ဖြစ်ထွန်းလာသည့် အခြေခံကောင်းများသည် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးအားမာန်ကို ထင်ဟပ်ဖော်ပြနေသည့်အတွက် အမျိုးသားရေးအနှစ်သာရဖြင့် ပြည့်ဝလှသည့် စွမ်းဆောင်မှုများ ဖြစ်သည်ဟုလည်း ယုံကြည်ထားကြောင်း။

ထို့ကြောင့် ယနေ့ဖွင့်လှစ်လိုက်သည့် မြစ်ငယ်တံတားကြီး အပါအဝင် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ တက္ကသိုလ်ကြီးများ၊ ဆေးရုံကြီးများ စသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများသည် မိမိတို့တပ်မတော်အစိုးရ၏ ပြည်သူများအကျိုး စွမ်းဆောင်နိုင်မှုများ၏ သမိုင်းမော်ကွန်းမှတ်တိုင်များ၊ မိမိတို့တပ်မတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသည့် မေတ္တာစေတနာ၏ ပြယုဂ်သင်္ကေတများအဖြစ် အစဉ်ထာဝရ တည်တံ့နေတော့မှာဖြစ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

မူလရည်ရွယ်ချက်အတိုင်း

နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများ၊ တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများကို အခိုင်အမာ တည်ဆောက်ပေးနိုင်ပြီဖြစ်သည်နှင့်အညီ မူလရည်ရွယ်ချက်အတိုင်း နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းနိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ အခြေခံအကျဆုံးအဆင့် ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်နေပြီဖြစ်သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်က မျှော်မှန်းသည့် အနာဂတ်ကို လက်တွေ့ဖော်ဆောင်ပေးနိုင်မည့် အခြေခံကောင်းများ အတော်ပင် ပြည့်စုံနေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ မပြိုမကွဲ မယိုင်မလဲ မားမားမတ်မတ် နိုင်ငံတကာနှင့်ယှဉ်တွဲ ရပ်တည်နေနိုင်ရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို နှစ်ရှည်စီမံကိန်းနှင့်အညီ မတုံ့မဆိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပင်ဖြစ်ကြောင်း။

ပြည်သူများ အပိုင်းကလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက်တိုးပွားဖြစ်ထွန်းစေရအောင် ဘေးပယောဂများကို ရှောင်ရှားပြီး နိုင်ငံတော်အစိုးရနှင့် ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပေါ်လွင်ထင်ရှားနေ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရ၏ ဆယ်စုနှစ်တစ်နှစ်ကျော် နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုများမှာ ဖြူစင်သည့် စေတနာနှင့် စစ်မှန်သည့် ကြိုးပမ်းအားထုတ်မှုများသည် ပေါ်လွင်ထင်ရှားနေပြီ ဖြစ်သည်နှင့်အညီ ပြည်သူများ အားလုံးက နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်မူဝါဒ၊ ရိုးသားဖြောင့်မတ် ဖြူစင်သည့် စေတနာမေတ္တာတို့ကို သိမြင်ထောက်ထားပြီး အများလိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ဥမကွဲသိုက်မပျက် တည်တံ့ခိုင်မြဲရေး တို့အတွက် ဆက်လက်ပြီး အားသွန်ခွန်စိုက် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ် လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မြစ်ငယ်တံတား ဆောက်လုပ်ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မြစ်ငယ်တံတား ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံဖြစ်သည့် လမ်း၊ တံတားများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရန် လမ်းညွှန်ခဲ့သည့်အတွက် ၁၉၈၈ ခုနှစ်ကနေ ယနေ့အထိ လမ်းမိုင်ပေါင်း ၅၀၀၅/၃ မိုင် တိုးတက်ဖောက်လုပ်ပေးခဲ့သကဲ့သို့ ပေ ၁၈၀ နှင့်အထက် တံတားကြီးများကိုလည်း ဤတံတား အပါအဝင် ၂၀၇ စင်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြစ်ကူးတံတားကြီးများအနေဖြင့် ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်ပြီး ခုနစ်စင်း၊ တည်ဆောက်ဆဲ တစ်စင်း ပေါင်းရှစ်စင်း၊ သံလွင်မြစ်ပေါ်တွင် လေးစင်း၊ ချင်းတွင်း မြစ်ပေါ်တွင် နှစ်စင်း၊ စစ်တောင်းမြစ် ပေါ်တွင် တည်ဆောက်ပြီး တစ်စင်း၊ တည်ဆောက်ဆဲ တစ်စင်း၊ မြစ်ငယ် (ခေါ်) ဒုဋ္ဌဝတီမြစ်ပေါ်တွင် ဤတံတား အပါအဝင် တည်ဆောက်ပြီး သုံးစင်း ရှိပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❋

ယခုလာမည့် ပွင့်လင်းရာသီကစပြီး လမ်း ၃၇ လမ်းကို အဆင့်တိုးမြှင့်ရန် ငါးနှစ်စီမံကိန်းချမှတ်ထား အခြားလမ်းများကိုလည်း ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်သွားမည်

❀ စာမျက်နှာ ၅ မှ

ယခုအချိန်တွင် လမ်း၊ တံတားများကို ကွန်ရက်များကဲ့သို့ ယှက်သွယ် တည်ဆောက်ပေးပြီးဖြစ်၍ တံတားများအနေဖြင့် ကြီးကြီးမားမားတည်ဆောက်ရန် မကျန်တော့ကြောင်း၊ လမ်းအပိုင်းမှာ ကွန်ရက်သဖွယ်ဖြစ်နေသော်လည်း မြေလမ်း၊ အမာခံလမ်း၊ ကျောက်လမ်းများ ရှိနေသေးသကဲ့သို့ တချို့လမ်းကျဉ်းနေသည်များ၊ ခံနိုင်ဝန် နည်းသည်များ ရှိနေပါသေးကြောင်း၊ ထို့ကြောင့် ယခုလာမည့် ပွင့်လင်းရာသီကစပြီး လမ်း ၃၇ လမ်းကို ဦးစားပေးပြီး မြေလမ်းများကို အမာခံလမ်း၊ အမာခံလမ်းများကို ကျောက်ချောလမ်း၊ ကျောက်ချော လမ်းများကို ကတ္တရာလမ်းစသဖြင့် အဆင့်တိုးမြှင့် ဆောင်ရွက်သွားရန် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ထားပြီး ဖြစ်သကဲ့သို့ အခြားလမ်းများကိုလည်း ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ဤ ခြောက်လမ်းသွားမြစ်ငယ်တံတားသည် မြန်မာနိုင်ငံတွင် ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိသည့် ပထမဆုံး ဖွင့်လှစ်ပေးသော သံကူကွန်ကရစ် တံတားကြီးဖြစ်ကြောင်း၊ ဤတံတားကို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ဤနယ်မြေက ပြည်သူလူထု အနည်းငယ်အတွက်သာ မဟုတ်ဘဲ နိုင်ငံတော်၏ အဓိကပြည်ထောင်စုလမ်းမကြီးပေါ်က တံတားကြီးဖြစ်ခြင်းကြောင့် နိုင်ငံတော်မှာရှိသည့် ပြည်သူအားလုံးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပိုင်းများ အလျင်

စဥ့်ကိုင်မြို့နယ်မှ ဦးကျော်ညွန့်က နိုင်ငံတော်အစိုးရက လမ်းတံတားများကို တိုးတက်တည်ဆောက် ဖွင့်လှစ်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများခံစားကြရသည့် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

အမြန် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်သကဲ့သို့ ချောမွေ့လာမည့် လမ်းပန်းဆက်သွယ်မှုကြောင့် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကို မောင်နှမများသည် အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အားဖြည့်ပေးမည့် ပြည်ထောင်စုတံတားကြီးတစ်စင်းကို ဖွင့်လှစ်ပေးနိုင်သည်ဟု ဆိုရမှာဖြစ်ကြောင်း။

နိဂုံးချုပ် ပြောကြားလိုသည်မှာ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်ဖြစ်ထွန်းမှု ရလဒ်ကောင်းများကို တိုးပွားစေကြောင်း၊ ထို့ကြောင့် ပြီးစီးသွားသော တံတားကြီးများကိုလည်း ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

အမှာစကားပြောကြား

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်သော အခြေခံအဆောက်အအုံဖြစ်သည့် လမ်းနှင့်တံတား တည်ဆောက်မှုလုပ်ငန်းများကို မည့်သည့်ခေတ်အခါနှင့်မျှ မတူအောင် အရှိန်အဟုန်ဖြင့် တည်ဆောက် အကောင်အထည်ဖော်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်း ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်းမှာ ယနေ့ဖွင့်လှစ်သည့် မြစ်ငယ်တံတားအပါအဝင် စုစုပေါင်း ၂၀၇စင်းတိတိ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ရှစ်စင်းမြောက်

အဆိုပါဖွင့်လှစ်ပြီး တံတားများအနက် မိမိတို့မန္တလေးတိုင်းအတွင်း တံတားတည်ဆောက်မှုအပိုင်းတွင် တံတားဦးမြို့နယ်ရှိ ဒုဋ္ဌဝတီတံတား၊ ပုသိမ်ကြီးမြို့နယ်ရှိ နဗ္ဗောင်းတံတား၊ ကျောက်ဆည်မြို့နယ်ရှိ ဇော်ဂျီတံတား၊ မတ္တရာမြို့နယ်ရှိ တံငါတံတား၊ မြစ်သားမြို့နယ်ရှိ စမုံပေါက်တံတား၊ စဥ့်ကိုင်မြို့နယ်ရှိ ပန်းလောင်တံတား၊ ပန်းဆေးတံတားတို့အပြင် ယခုမြစ်ငယ်တံတားကို ရှစ်စင်းမြောက်အဖြစ် တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း အမရပူရမြို့နယ်တွင် ဧရာဝတီတံတား(ရတနာပုံ)ကို တည်ဆောက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် မြစ်ငယ်တံတားသည် နိုင်ငံတကာအဆင့်မီ ရန်ကုန်–မန္တလေးခြောက်လမ်းသွား နိုင်လွန်ကတ္တရာလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ခြောက်လမ်းသွား တံတားဖြစ်ကြောင်း၊ ယခုတည်ဆောက်ပြီး မြစ်ငယ်တံတားကိုဖြတ်၍ ရန်ကုန်–မန္တလေးခြောက်လမ်းသွား လမ်းမကြီးမှတစ်ဆင့် အထက်အောက်မြန်မာပြည် ပြည်နယ်/တိုင်းများသို့လည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

လေဆိပ်သို့လည်းကောင်း လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ကြမှာဖြစ်ကြောင်း။

ယခုကဲ့သို့ အဖိုးတန်အကျိုးရှိသည့် တံတားတစ်စင်း မိမိတို့နယ်မြေအတွင်း တည်ဆောက်ပေးပြီးဖြစ်သည့်အတွက် ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိကြရမှာဖြစ်ကြောင်းနှင့် မြစ်ငယ်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဒေသခံပြည်သူများကလည်း နိုင်ငံတော်အကြီးအကဲများအား စေတနာဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ခြင်းကို ပြန်လည်တုံ့ပြန်ပြီး ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် အရင်းခံပြီး ပိုမိုကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စဥ့်ကိုင်မြို့နယ်မှ ဦးကျော်ညွန့်က နိုင်ငံတော်အစိုးရသည် လမ်းတံတားများ တိုးတက်တည်ဆောက် ဖွင့်လှစ်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများ ခံစားကြရသည့် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အတွင်းရေးမှူး(၁)၊ တိုင်းမှူး၊အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ဖွင့်ပွဲကျင်းပမည့် တံတားထိပ်မုခ်ဦးရှေ့၌ နေရာယူကြပြီးနောက် မင်္ဂလာအချိန်၌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က မြစ်ငယ်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်အတူ မြစ်ငယ်တံတားသစ်ကြီး၏ မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြစ်ငယ်တံတား မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ငယ် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယခုဖွင့်လှစ်လိုက်သော မြစ်ငယ်တံတားသည် မန္တလေးတိုင်း စဥ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ် အကြား ရန်ကုန်–မန္တလေး ခြောက်လမ်းသွားလမ်းမကြီးပေါ်၌ တည်ရှိသည်။ တံတားအရှည်ပေ ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိသည်။

တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်၊ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးပိုင်အမျိုးအစားတံတားဖြစ်ပြီး ယာဉ်တစ်စီး၏ ခွင့်ပြုတန်ချိန်မှာ ၇၅ တန်ဖြစ်သည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအကြောင်း ပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းငွေ ဟောပြောစဉ်။ (က–ပ)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနိုင်

ရန်ကုန် စက်တင်ဘာ ၁၇

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက်မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၈၇စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေသော်လည်း နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၇၇ စင်မီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် သြဂုတ် ၂၄ ရက်က မူဆယ်မြို့ မြို့ပတ်လမ်း အုတ်ခုံခံ ကွန်ကရစ် တံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၉–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **မိုးကုတ်ဆရာတော်ကြီး တရားတော် –အိုဘေးမစောင့်ဘဲ ဝိပဿနာ လုပ်သင့်ကြောင်းတရားတော်**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် –Production.** (ပထမနှစ်–စီးပွားရေး)
- ၄:၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၆။ **English Premier League ဘောလုံးပွဲ -LiverpoolVs Manchester United(Live).**
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၉။ ပဟေဠိနန်းတော်
- ၁၀။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၁၁။ **နဝရတ်ကိုးသွယ် အငြိမ့်အဖွဲ့ဖျော်ဖြေခန်း။ –ရှေ့ထွက်မင်းသမီး–နိုင်ဝင့်ဖြူ၊ –ခေါင်းဆောင်မင်းသမီး–သက်စုလှိုင်၊ –လူရွှင်တော်–နေကြာ၊ ညှပ်စိ၊ ငှက်ရိုး၊ ဥသြ။**
- ၁၂။ သင့်အတွက်မနက်ဖြန်
- ၁၃။ အပိတ်နှုတ်ဆက်စကား
- ၁၄။ ပြီးပါပြီ။

❖ **စစ်ကိုင်းတိုင်းမှ**

ရွှေဘိုဒီဂရီကောလိပ်၏ ၂၀၀၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလှက သစ်ပင်စိုက်ပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တမာပင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် ရွှေဘိုဒီဂရီကောလိပ်၏ ၂၀၀၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် တမာပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၁၀၀ တို့က ရွှေဘိုဒီဂရီကောလိပ်ဝင်းအတွင်း တမာပျိုးပင်၅၀၀၀ ကို တပျော်တပါး စိုက်ပျိုးပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှု အားပေးသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၈ နာရီတွင် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းက ဒေသဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်လတ်က စစ်ကိုင်းတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းတင်က စစ်ကိုင်းတိုင်းအတွင်း ရော်ဘာဧကတစ်သိန်း စိုက်ပျိုးရန် နှစ်အလိုက်လျာထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းအတွင်း သတ်မှတ်စီမံကိန်း ဧကပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုး ကြရေး၊ မိုးရွာသွန်းမှုနှင့် ရာသီဥတုအခြေအနေ မပေးပါက ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်ဖြင့် အောင်ရေပေးနိုင်ရေးအတွက် တာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ရေး၊ မိုးသီးနှံသတ်မှတ်ဧက ပြည့်မီရေးသာမက စိုက်ပြီးသီးနှံများ မပျက်စေရေးကိုလည်း မျက်ခြည်မပြတ် အလေးအနက်ထား ဆောင်ရွက်ကြရေး၊ ရွှေဘိုခရိုင်သည် စိုက်ပျိုးရေးကဏ္ဍ၌ ဆည်မြောင်းတာတမံများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပြီးဖြစ်သကဲ့သို့လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌လည်း လမ်းတံတားများကို နိုင်ငံတော်က ဖောက်လုပ်တည်ဆောက်ပေးခဲ့၍ စီးပွားရေးကဏ္ဍတွင် အခြေခံကောင်းများရရှိထားသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ လူတစ်ဦးချင်း၏ဝင်ငွေတွင်လည်း တိုးတက်လျက်ရှိကြောင်း၊ ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် အပိုဝင်ငွေရရှိရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ရော်ဘာကို စီမံကိန်းချမှတ်၍ အမြောက်အမြား စိုက်ပျိုးနိုင်ရန်ဆောင်ရွက်လျက်ရှိ ကြောင်းပြောကြားသည်။

လက်တွန်းထွန်စက် စွမ်းရည်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည်နံနက်၁၀နာရီတွင် ရွှေဘိုမြို့ အောင်ချမ်းသာကျေးရွာရှိ ကွင်းအမှတ် ၃၃၁/၄၊ဦးပိုင်အမှတ်၅၂/၂ ၌ ကျင်းပသည့် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော လယ်ယာ ၁၆ လက်တွန်း ထွန်စက်ပုံစံသစ် (အမြန်) စွမ်းရည်ပြပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်လတ်က ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ မိုးစပါးနှင့် နွေစပါးကို သတ်မှတ်လျာထားချက် ပြည့်မီအောင် စိုက်ပျိုးပြီး ကျန်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ရွှေဘိုဒီဂရီကောလိပ်၏ ၂၀၀၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် တမာပင်ကိုစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

များသည် မနောဟရီ၊ ရွှေဘို(၁)၊ မနောသုခနှင့် ဧရာမင်း မျိုးစပါးနမူနာများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ကောက်စိုက်သမများ၏ ကောက်စိုက်စွမ်းရည်၊ မျိုးစပါး စိုက်ပျိုးမှုနှင့် လယ်ယာ ၁၆ ထွန်စက် စွမ်းရည်ပြ ထွန်ယက်မှုတို့ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စက်မှုလယ်ယာ ဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်း၌ ပြသထားသည့် လယ်ယာသုံး စက်ကိရိယာများနှင့် ဒေသခံ တောင်သူများအား ပညာပေး သရုပ်ပြသထားသည့် သဘာဝမြေဆွေးများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် ရွှေဘိုခရိုင် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အမျိုးသားခွဲစိတ်လူနာဆောင်၊ ခွဲစိတ်ခန်းမနှင့် ဓာတ်မှန်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြသိန်းက လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ရွှေဘိုမြို့နယ် နွယ်ညိမ်းကျေးရွာသို့ ရောက်ရှိပြီး စဉ့်အိုးလုပ်ငန်းရှင် ဦးသောင်းညွှန့်၏ စဉ့်အိုးထုတ်လုပ်မှုလုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ကျောက်မြောင်းကျေးရွာမှ ဇက်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် လက်ပံလှကျေးရွာသို့ ရောက်ရှိကြသည်။

မာလဲနတ်တောင် ရေလှောင်တမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်းလွဲ ၁နာရီ ၁၀မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မာလဲကြီးကျေးရွာအနီး မာလဲနတ်တောင်ချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးအေးသိန်းက ရေလှောင်တမံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဆွေးနွေးမှာကြား၍ ရှုရပ်မှတစ်ဆင့် မြေသား ရေလှောင်တမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံကိန်းပြီးစီးပါက စဉ့်ကူးမြို့နယ်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ဧက ၁၀၀၀၀၌ သီးထပ်စိုက်ပျိုးနိုင်ခြင်းဖြင့် သီးနှံဧရိယာ ဧက ၁၄၀၀၀ ကို ဆည်ရေပေးဝေနိုင်ပြီး ဒေသ စိမ်းလန်းစိုပြည်ရေးသာမက သောက်သုံးရေပါ ဖူလုံနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာအုပ်စုရှိ မျိုးသန့်စံပြရွာ စိုက်ဧက ၂၀၀ ပေါင်းလိုက်သမန်းနှိုး၊ ဓာတ်မြေသြဇာကြဲပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၂၂၅)၊ ဦးပိုင်အမှတ်(၄၈)၌ တောင်သူ ဦးမောင်ထွေး၏ ၁၄ ဧကရှိ မျိုးသန့်စံပြကွက်၌ ပေါင်းလိုက်သမန်းနှိုး၊ ဓာတ်မြေသြဇာကြဲပွဲ အခမ်းအနားသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

စက်တင်ဘာ ၁၇ ရက် နံနက် ၈နာရီကလည်း ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် ရွှေဘိုမြို့ နယ်မြေခံ တပ်ရင်းရှိ အောင်တံခွန်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို ဒေသခံ ပြည်သူတို့နှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို စံနမူနာပြဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေဘိုမြို့ နယ်မြေခံ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအလှူ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် သဃ်္ဃန်းကျွန်း သုမင်္ဂလာလမ်း သဇင်မင်းအိမ်ရာနေ ဒေါ်သောင်းသောင်းဝင်းက အလှူငွေကျပ်တစ်သိန်း၊ မရမ်းကုန်း ပြည်လမ်း ၇–မိုင်နေ ဦးအောင်စိန်–ဒေါ်မြင့်မြင့်ကြည်၊ သမီး မြတ်သီရိခင်မိသားစုက ကျပ်နှစ်သောင်း၊ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်လမ်းနေ မအေးအေးနိုင်က ကျပ်သုံးသောင်း လှူဒါန်းကြသည်။ စေတနာရှင်များ အနေဖြင့် ရွှေပြည်ဟိန်းကျောင်း ဖုန်း– ၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ သုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

မန္တလေးမြို့ရှိ တိုင်းရင်းဆေးဝါးဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်၍ ပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်ရာဌာန
(၁)	ကျားနှင့်နဂါးအမှတ်တံဆိပ် ရန်ပုံခွင်း အစာအိမ်လေနိုင်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ။
(၂)	ဆင်ပျံအမှတ်တံဆိပ် လေးဖက်နာ၊ အဆစ်အမြစ်ကိုက်ပျောက် သောက်ဆေးရည်	အမှတ်(၃၂)၊ ဓမ္မာရုံလမ်းမကြီး (၁၀)ရပ်ကွက် လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကျန်းမာရေးဝန်ကြီးဌာန

အေးချမ်း တည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများမှသည် စ

နိုင်ငံသားတစ်ဦးဖြစ်လာလျှင် မိမိနိုင်ငံကို ချစ်မြတ်နိုးကြစမြဲဖြစ်သည်။ မိမိတို့နိုင်ငံကြီးလွတ်လပ်ပြီး အေးချမ်းသာယာ ဖွံ့ဖြိုးဝေစည်လျက်လူနေမှု အဆင့်အတန်းမြင့်သည်ထက် မြင့်လိုကြစမြဲဖြစ်သည်။ လူမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်ပြည်ချစ်စိတ်သည် ထိုကဲ့သို့ ကိုယ့်နိုင်ငံ သာယာဝပြောစေလိုသော စေတနာဆန္ဒကို ပေါက်မြောက်စေသော မောင်းနှင်အားဖြစ်ပေသည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ ၁၂၃နှစ်ကြာ နေခဲ့ရ၏။ ဖိနှိပ်ချုပ်ချယ်ခံကြရ၏။ နိုင်ငံမှသယံဇာတများ၊ ထွက်ကုန်များကို ထိုနယ်ချဲ့များသာ စိတ်တိုင်းကျ ထုတ်ယူသွားသဖြင့် မြန်မာတို့ဆင်းရဲခဲ့ကြရ၏။ လွတ်လပ်ပြန်တော့လည်း အချင်းချင်းတိုက်ခိုက်ကြသဖြင့် ပြည်သူတို့အသက်ကို ဖက်နှင့်ထုပ်ကာ ပြေးလွှားပုန်းအောင်းနေခဲ့ကြရ၏။ မြေအောက်မှလက်နက်ကိုင်သောင်းကျန်းကြသူများ၊ မြေပေါ်မှဆူပူနှောင့်ယှက်မှုများ၊ ပြည်ပမှ နိုင်ငံကိုဖြိုခွဲကာ ကျွန်သပေါက်ဘဝ ပြန်ဖြစ်စေလိုသည့် ကိုလိုနီလက်သစ်ဝါဒီများ၏ စနက်ကြောင့် နိုင်ငံတွင် ဖွံ့ဖြိုးရေးအရင်းအမြစ်များပြည့်စုံပါလျက် ဖွံ့ဖြိုးအောင်ကြိုးပမ်းနိုင်ခြေ မရှိခဲ့ပေ။

သယံဇာတအရင်းအမြစ်များ၊ သဘာဝသယံဇာတများ၊ ထွက်ကုန်သီးနှံများ၊ ပတ္တမြားကျောက်သံ၊စပါးကောက်နှံများပြည့်ဝစုံလင်သော မြန်မာတို့သည် ညီညီညွတ်ညွတ်၊ အေးအေးချမ်းချမ်းဖြင့်သာ ကြိုးပမ်းလိုက်ကြလျှင် ရွှေနိုင်ငံဖြစ်လာမည်မှာ ဧကန်မုချဖြစ်သည်။

လွန်ခဲ့သည့် ၁၇နှစ်(၁၈-၉-၁၉၈၈)က မြန်မာနိုင်ငံ၌ မူမမှန်သော ပယောဂစုံ၊ မသမာသော လောဘစုံဖြင့် ဖြစ်ပွားခဲ့သည့် တိုင်းဆူပြည်ဖျက်ဖြစ်ရပ်ဆိုးကြောင့် ပြည်သူတို့ သောကစုံ ခံစားခဲ့ကြရပြန်သည်။ အရေးကြုံလျှင် ပြည်သူအတွက် သက်လုံကောင်းသော၊ အရေးကြီးလျှင် ပြည်သူနှင့် သွေးစည်းလက်တွဲသော တပ်မတော်က ပြည်သူကိုကာကွယ်၊ နိုင်ငံကို စောင့်ရှောက်ခဲ့သဖြင့် ပြည်သူအများစု စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရသည့် မင်းမဲ့ဆူပူမှုကြီးပျောက်ကွယ်သွားခဲ့ရသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဘေးဆိုး၊ အန္တရာယ်ဆိုးမှ လွတ်မြောက်ခဲ့ရ၏။

အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်ရန်အတွက် မိမိနိုင်ငံ၊မိမိလူမျိုး၊မိမိယဉ်ကျေးမှု၊မိမိဓလေ့စရိုက်နှင့်ကိုက်ညီသည့် အခြေခံမူများကို နိုင်ငံရေးအင်အားစုများစုံညီစွာဖြင့် အမျိုးသားညီလာခံတွင် ဤသို့ ဆွေးနွေးညှိနှိုင်းအဖြေရှာလျက်ရှိသည်။

ယခင်အစိုးရများက ပြည်တွင်းသောင်းကျန်းမှု ရပ်ဆိုင်း၊ ငြိမ်းချမ်းသွားအောင် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ချေ။

တပ်မတော်က နိုင်ငံတာဝန်ယူလိုက်ပြီးသည့်နောက် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အခြေအနေအရပ်ရပ် ပုံမှန်ပြန်ဖြစ်ရေးဆောင်ရွက်ပေးခဲ့သည်။ တစ်ဖက်တွင်လည်း ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနှင့်ကင်းဝေးနေသည့်အပြင် သောင်းကျန်းမှုဒဏ်ခံနေခဲ့ရသော နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို နိုင်ငံတော်က အားသွန်ခွန်စိုက်လုပ်ဆောင်ပေးခဲ့ရာ နယ်စပ်ဒေသများ ရှေးကနှင့်မတူ ဖွံ့ဖြိုးစည်ပင်လာသည်။ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု သတ်မှတ်ပြီး နေ့မအား ညမနား တည်ဆောက်မှုများ ဆက်တိုက်လုပ်ဆောင်ပေးခဲ့သည်။ ဤစေတနာ၊ ဤလုပ်ဆောင်မှုကြောင့်ပင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ငြိမ်းချမ်းရေးရယူပြီး ၎င်းတို့ကိုယ်တိုင် ဒေသဖွံ့ဖြိုးရေး၊ ပြည်ထောင်စုဖွံ့ဖြိုးရေးတို့တွင် တက်ကြွစွာ ပူးပေါင်းပါဝင်လာကြသည်။

စီးပွားရေးဦးတည်ချက်လေးရပ်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍကို အဓိကမြှင့်တင်အားပေးပြီး အခြားစက်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများ၌ တိုးချဲ့ခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ချမှတ်ဆောင်ရွက်ခဲ့သည်။ စီးပွားဖွံ့ဖြိုးမှုအတွက် အလေးထားရမည့် အတတ်ပညာ၊ နည်းပညာ၊ အဆင့်မြင့်ပညာရပ်များ၊ ငွေကြေး ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်း၊ ပြည်ပမှ ဖိတ်ခေါ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးကို တိုင်းရင်းသား နိုင်ငံသားများနှင့် နိုင်ငံတော်၏ လက်ဝယ်တွင်ရှိစေလျက် မြန်မာ့စီးပွားရေးကို ပြည်ပကလက်ဝါးကြီးအုပ် ခြယ်လှယ်ချုပ်ကိုင်ခြင်း မပြုနိုင်အောင် ကာကွယ်ပေးထားခဲ့သည်။

၁၇ နှစ်တာ ကာလအတွင်း ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်း၏အကျိုးရလဒ်၊ အသီးအပွင့်များကို ပြည်နယ်နှင့် တိုင်းဒေသများ တစ်ပြေးညီ ခံစားနိုင်ကြသည်။ မြို့ပြနှင့်အတူ ကျေးလက်များပါ ခံစားနိုင်ကြသည်။

ပြည်ထောင်စုတစ်ဝန်းတွင် လက်ရှိစိုက်ပျိုးမြေဧက ၂၆ဒသမ ၆သန်းခန့်၌ စိုက်ပျိုးလျက်ရှိပြီး၊ နောက်ထပ် တိုးချဲ့ဖော်ထုတ်စိုက်ပျိုးလျှင်ဧကသန်း ၂၀ခန့်အထိစိုက်ပျိုးနိုင်ပေသည်။ စက်မှုဇုန် ၁၈ဇုန် တည်ဆောက်ပေးခဲ့သဖြင့် မြန်မာ့စက်မှုလုပ်ငန်း တိုးတက် ကျယ်ပြန့်လာသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စက်မှုလယ်ယာအဆင့် တိုးမြှင့်လာနိုင်ခဲ့သည်။ ပြည်ထောင်စုတစ်ဝန်း ရထားလမ်း၊ ကားလမ်းမိုင်ပေါင်း ထောင်ချီကာ တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ပြည်နယ်များ၏ ဖွံ့ဖြိုးရေးမှာလည်း အားရဖွယ်ကောင်းလှသည်။

ပြည်ထောင်စုတစ်ခုလုံး ဆည်တမံ ၁၇၇ခု၊ မြစ်ရေတင်စီမံကိန်း ၂၉၃ခု၊ သီးထပ်စိုက်ပျိုးဧက ၁၀သန်းကျော်၊ မိုးစပါးဧက ၁၄ဒသမ ၃၉ သန်းကျော်၊ နွေစပါးဧက ၂သန်းနီးပါး စုစုပေါင်းစပါးစိုက်ဧက ၁၆သန်းကျော် အထိ တိုးတက်လာခဲ့ရာ၊ စပါးတင်း သန်း ၁၂၀၀ နီးပါး ထွက်နေပြီဖြစ်သည်။ ကျန်ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရော်ဘာ၊ ကြံ၊ ဂုန်လျှော်၊ဝါစိုက်ဧက တိုးတက်လာပုံများမှာလည်း အံ့မခန်းရှိလှပေသည်။ မွေးမြူရေး၊ သစ်တောစိုက်ခင်းတို့တွင်လည်း ဆပွားနှုန်းဖြင့် တိုးတက်လာပေသည်။

ကားလမ်းသစ် ၅၀၀၅မိုင်၊ ပေ ၁၈၀အထက် တံတား ၂၀၇စင်း၊ ပေ ၁၈၀အောက်တံတား ၁၈၀၈စင်း၊ စာတိုက် ၂၁၇ခု၊ ကြေးနန်းရုံး၁၇၃ခု၊ တယ်လီဖုန်းရုံး၅၈၁ခု၊ ကျေးလက်တယ်လီဖုန်းအိတ်ချိန်း ၂၀၇ခု၊ အီးမေးလ်အင်တာနက် ၅၆၅၀၊ဂြိုဟ်တုဆက်သွယ်ရေးစခန်းအားလုံးပေါင်း ၄၃ခု၊ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲမှု မဂ္ဂါဝပ်ပေါင်း ၃၉၄၃ဒသမ၅၁၉၊ ရေအားလျှပ်စစ်စက်ရုံ-၃၀၊ အခြားဓာတ်အားပေးစက်ရုံ ရှစ်ရုံ၊ စက်မှုဇုန် ၁၈ဇုန်၊ ပုဂ္ဂလိကစက်ရုံ ၁၅၈၃၅ရုံ၊ နိုင်ငံပိုင်စက်ရုံ ၁၉၂ရုံ တိုးလာသည်။ ကမ်းလွန်ရေနံမြေသုံးခု၊ အခြေခံပညာကျောင်း၆၇၇၈ကျောင်း၊ မာလ်တီမီဒီယာ စာသင်ခန်း ၁၅၉၃ခန်း၊ တက္ကသိုလ်၊ကောလိပ်၊ ဒီဂရီကောလိပ်၃၇ခု၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဌာန ၄၄ဌာန၊ နည်းပညာတက္ကသိုလ်နှစ်ခု၊ နည်းပညာကောလိပ် ၂၅ ခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ ကွန်ပျူတာကောလိပ် ၂၄ ခု၊ လေကြောင်းနှင့်အာကာသတက္ကသိုလ်တစ်ခု၊စက်မှုလက်မှုသိပ္ပံ၁၀ခု၊ ဆေးရုံအဆင့်မြှင့်မှု၁၈ခု၊ ကျန်းမာရေးဌာန၁၃၅ခု၊ ကျေးလက် ကျန်းမာရေးဌာန ၁၁၃ ခု၊ တိုင်းရင်းဆေးရုံ ၁၂ခု၊ တိုင်းရင်းဆေးခန်း၁၄၈ခန်း တိုးလာသည်။ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ-၁၆၂ရုံ၊ ကိုယ်ပွားသတင်းစာတိုက်ကိုးတိုက်၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၉၈၉၅ တိုက် ဖွင့်လှစ်ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိရာ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုချမှတ်၍ အကောင်အထည်ဖော်

ဆောင်ရွက်ပေးလျက်ရှိ
ကျေးလက်ပြည်သူများ
ကျေးလက် လမ်းတံတာ
ဖြစ်အောင် ဖော်ဆောင်
သောက်သုံးရေ မရှားပါး
အလေးထားဖော်ဆောင်
များကို အဆင့်မြှင့်တင်
စာတတ်မြောက်ရေးအတ
မြောက်မှု ရာခိုင်နှုန်း ၉
စနစ်တကျ မြှင့်တင်
စောင့်ရှောက်ပေးလျက်ရှိ
လုပ်ဆောင်ပေးနိုင်၍ ကျေ
ကြွားကြွားဝင့်ဝင့် နေထိ
လုပ်ငန်းစဉ်ငါးရပ်အဖြစ်
မီးလင်းရေးအတွက်ပါ
လေရဟတ်အားပြု လေ
လုပ်ကိုင်နေကြပြီဖြစ်သ
သည်။ ကျေးလက်တံတာ
ဆောင်ရွက်ပေးခဲ့ရာ ၁၄

ကျန်းမာရေးက
အတွက်များ အထူးတိုး
အနာကြီးရောဂါ၊ ပိုလီ
နိုင်ငံခြားသို့သွားရောက်
မှာပင် အောင်မြင်စွာ ကု
အမြွှာများခွဲစိတ်ခဲ့ကာ
အစားထိုးခြင်းများကိုလ
နိုင်ပြီဖြစ်သည်။ သေနှုန်း
တွင် ၉ဒသမ၉၊ ယခု ၇
မှု ကျေးလက်တွင် အမ
၃ နှစ်၊ မြို့ပြ၌ အမျိုးသား

ယဉ်ကျေးမှုန
ဂီတ၊ ပန်း ၁၀မျိုး ပ
သည်။ပုဂံရှေးဟောင်းယ
အံ့ဖွယ်မြေဖြစ်ပေသည်။
ကျင်းပလာရာ ယခု

ဤတိုးတက်ဖွံ့
ကိုယ့်ပြည်တွင်းအား၊ ပြ
ကြိုးပမ်းခဲ့ခြင်း၏ ရလ
ဟူသော ဆိုရိုးစကားအ

တနင်္သာရီတိုင်း
များထုတ်လုပ်သည့်
ဤသို့ မြင်တွေ့ရသ

နိုင်ငံတော်တွင် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ ညီညွတ်လက်ယှက်ကြိုးပမ်းခဲ့သဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များ ခရီးရောက်လာခဲ့ပြီဖြစ်သည်။ အခြေခံအဆောက်အအုံတည်ဆောက်မှုများသည်လည်း ပြည်နယ်၊တိုင်း၊မြို့ပြ၊ကျေးလက် တစ်ပြိုင်နက် ထူးထူးကဲကဲ ဖွံ့ဖြိုးလာနေပြီ။

များမှသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဆီသို့

တက္ကသိုလ် မြတ်သူ

စိုက်ပျိုးရေးကဏ္ဍကို အဓိက
ွယ်ရေးကဏ္ဍများ၌ တိုးချဲ့ခဲ့
က်ဆောင်ရွက်ခဲ့သည်။ စီးပွား
ာ၊ နည်းပညာ၊ အဆင့်မြင့်
ည်တွင်း၊ ပြည်ပမှ ဖိတ်ခေါ်
င်းရင်းသား နိုင်ငံသားများနှင့်
ွားရေးကို ပြည်ပကလက်ဝါး
ကာကွယ်ပေးထားခဲ့သည်။
ာင်စုဖွံ့ဖြိုးတိုးတက်မှု အခြေ
ပြည်နယ်နှင့် တိုင်းဒေသများ
ကျေးလက်များပါ ခံစားနိုင်ကြ

ပျိုးမြေဧက ၂၆ဒသမ ၆သန်း
ထုတ်စိုက်ပျိုးလျှင်ဧကသန်း
န် တည်ဆောက်ပေးခဲ့သဖြင့်
ည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်
ည်ထောင်စုတစ်ဝန်း ရထား
က်လုပ်ခဲ့သည်။ ပြည်နယ်များ
ည်။
၇၇ခု၊ မြစ်ရေတင်စီမံကိန်း
မိုးစပါးဧက ၁၄ဒသမ ၃၉
ပါးစိုက်ဧက ၁၆သန်းကျော်
နီးပါး ထွက်နေပြီဖြစ်သည်။
လျှော်၊ဝါစိုက်ဧက တိုးတက်
းမြူရေး၊ သစ်တောစိုက်ခင်း
သည်။
ဆက် တံတား ၂၀၇စင်း၊ ပေ
၂၁၇ခု၊ ကြေးနန်းရုံး၁၇၃ခု၊
အိတ်ချိန်း ၂၀၇ခု၊ အီးမေးလ်
အားလုံးပေါင်း ၄၃ခု၊ လျှပ်စစ်
ဒသမ၅၁၉၊ ရေအားလျှပ်စစ်
်မှုဇုန် ၁၈ဇုန်၊ ပုဂ္ဂလိကစက်ရုံ
ည်။ ကမ်းလွန်ရေနံမြေသုံးခု၊
ယာ စာသင်ခန်း ၁၅၉၃ခန်း၊
မ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး
ည်းပညာကောလိပ် ၂၅ ခု၊
ဒိပ် ၂၄ ခု၊ လေကြောင်းနှင့်
ခု၊ ဆေးရုံအဆင့်မြှင့်မှု၁၈၈ခု၊
ာန ၁၁၃ ခု၊ တိုင်းရင်းဆေးရုံ
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ–
ကျေးရွာ ကိုယ့်အားကိုယ်ကိုး
ပြီးဖြစ်သည်။
ကျော်ရှိရာ နိုင်ငံတော်က
မှတ်၍ အကောင်အထည်ဖော်

ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကျေးလက်ပြည်သူများ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရန်အတွက် ကျေးလက် လမ်းတံတားများရှည်လျားထိစပ်အောင်၊ တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖော်ဆောင်ပေးနေပေသည်။ ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေ မရှားပါးအောင်၊ စိုက်ပျိုးရေရရှိအောင် ရေရရှိရေးအစီအမံများကို အလေးထားဖော်ဆောင်ပေးလျက်ရှိပေသည်။ ကျေးရွာအခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးပြီး ကျောင်းနေအရွယ်ကလေးများကျောင်းနေနိုင်ရေး၊ စာတတ်မြောက်ရေးအတွက် အလေးထားဆောင်ရွက်ပေးနေပေသည်။ စာတတ်မြောက်မှု ရာခိုင်နှုန်း ၉၀ ကျော်လာပြီဖြစ်သည်။ ကျေးလက်ကျန်းမာရေးကို စနစ်တကျ မြှင့်တင်ပေးကာ ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပေသည်။ ကျေးလက်ဒေသ စီးပွားရေးမြင့်မားအောင် လုပ်ဆောင်ပေးနိုင်၍ ကျေးလက်ပြည်သူများ အိမ်တစ်ဆောင် မီးတပြောင်ဖြင့် ကြွားကြွားဝင့်ဝင့် နေထိုင်နိုင်ကြပေပြီ။ ထိုမျှသာမက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အဖြစ် ဒေသဖွံ့ဖြိုးရေးအတွက်သာမက ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက်ပါ ဖန်တီးစီမံဆောင်ရွက်ပေးလျက်ရှိရာ ဇီဝဓာတ်ငွေ့နှင့် လေရဟတ်အားပြု လေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် တီထွင်ကြံဆလုပ်ကိုင်နေကြပြီဖြစ်သည်။ ကျေးလက်လမ်းမိုင်ပေါင်း ၁၉၉၅၉မိုင် တိုးလာသည်။ ကျေးလက်တံတား၆၃၂၄စင်းတိုးတက်လာသည်။ ကျေးလက်ရေရရှိရေးဆောင်ရွက်ပေးခဲ့ရာ ၁၄၃၀၉ ရွာ သန့်ရှင်းသော သောက်သုံးရေရရှိပြီဖြစ်သည်။

ကျန်းမာရေးကဏ္ဍ၌ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်၊ ဆရာမအရေအတွက်များ အထူးတိုးတက်လာသည်။ မြန်မာနိုင်ငံတွင် ကျောက်ကြီးရောဂါ၊ အနာကြီးရောဂါ၊ ပိုလီယိုအကြောသေရောဂါပပျောက်စေခဲ့သည်။ ယခင်က နိုင်ငံခြားသို့သွားရောက် ကုသရသောရောဂါများ၊ ခွဲစိတ်ကုသမှုများကို ပြည်တွင်းမှာပင် အောင်မြင်စွာ ကုသပေးနိုင်ပြီဖြစ်သည်။ ရင်ချင်းဆက်၊ တင်ချင်းဆက် အမွှာများခွဲစိတ်ခဲ့ကာ ကျောက်ကပ်ခွဲစိတ်အစားထိုးခြင်း၊ အသည်းခွဲစိတ်အစားထိုးခြင်းများကိုလည်း မြန်မာဆရာဝန်ကြီးများက အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်သည်။ သေနှုန်းကျဆင်းမှုမှာ လူ ၁၀၀၀လျှင် ၁၉၈၈ခုနှစ်က ကျေးလက်တွင် ၉ ဒသမ ၉၊ ယခု ၇ ဒသမ ၁၊ ကျဆင်းနှုန်း ၂ဒသမ ၈၊ လူ့သက်တမ်းမြှင့်တင်မှု ကျေးလက်တွင် အမျိုးသား ၆၀ ဒသမ ၈ နှစ်၊ အမျိုးသမီး ၆၃ ဒသမ ၃ နှစ်၊ မြို့ပြ၌ အမျိုးသား ၆၁ဒသမ၅နှစ်၊ အမျိုးသမီး ၆၅ ဒသမ၆နှစ်ဖြစ်သည်။

ယဉ်ကျေးမှုနယ်ပယ်တွင် မူလကတည်းက အဆင့်မြင့်ခဲ့သော စာပေ၊ ဂီတ၊ ပန်း ၁၀မျိုး ပညာရပ်၊ သဘင်တို့ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ပုဂံရှေးဟောင်းယဉ်ကျေးမှုမြေကား တစ်ကမ္ဘာလုံး အသိအမှတ်ပြုရသော အံ့ဖွယ်မြေဖြစ်ပေသည်။ မြန်မာ့ရိုးရာ အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပလာရာ ယခု တေရသမအကြိမ် (၁၃ကြိမ်)သို့ တိုင်ခဲ့ပေပြီ။

ဤတိုးတက်ဖွံ့ဖြိုးမှုများမှာ မြန်မာတို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ပြည်တွင်းအား၊ ပြည်တွင်းအရင်းအမြစ်များဖြင့် တညီတညွတ် လက်တွဲကြိုးပမ်းခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်။ **“မကူချင်နေပါ၊ မနှောင့်ယှက်ပါနှင့်”** ဟူသော ဆိုရိုးစကားအတိုင်း မကူချင်လျှင် အေးအေးနေ၊ မနှောင့်ယှက်ကြလျှင် တိုးတက်မှုက ယခုပမာဏထက်ကြီးမားပေမည်။ သို့သော် အားလုံးသိကြသည့်အတိုင်း မီဒီယာများကို တစ်လွဲသုံး၊ မမှန်မကန် စွပ်စွဲပုတ်ခတ်နှောင့်ယှက်၊ စီးပွားရေးပိတ်ဆို့ဟန့်တား၊ နိုင်ငံအများက အထင်လွဲအောင် လုပ်ကြံမှိုင်းတိုက်နေကြသည့်ကြားမှ မြန်မာတို့ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းအောင်မြင်လာခြင်းဖြစ်သည်။

တနင်္သာရီတိုင်းရှိ ရဲတံခွန် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များထုတ်လုပ်သည့် တွင်းတူးစင်နှင့် ထုတ်လုပ်ရေးစင်တို့ကို ဝေဟင်မှ ဤသို့ မြင်တွေ့ရသည်။



တောအထပ်ထပ် တောင်အသွယ်သွယ် ဖြတ်ကျော်ဖောက်လုပ်ထားသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာကော–ကျိုင်းတုံ ကတ္တရာလမ်းသစ်ကြီးကို ဝေဟင်မှ ဤသို့တွေ့မြင်ရသည်။

မြန်မာနိုင်ငံသည် ပကတိတည်ငြိမ် အေးချမ်းနေသည်။ ဘက်ပေါင်းစုံ၌ တိုးတက်လာနေသည်။ ဤအခြေအနေမှန်ကို မြန်မာတို့သိသည်။ အိမ်နီးချင်းများ၊ အဝေးမှမိတ်ကောင်းဆွေကောင်းများလည်း သိကြသည်။ ယုတ်စွအဆုံး မြန်မာနိုင်ငံအပေါ် မလိုတမာပုတ်ခတ်၊ နှောင့်ယှက်နေကြသော ပြည်တွင်းပြည်ပ အဖျက်သမားများလည်း သိကြသည်။ ထိုအဖျက်သမားများကား သိသိကြီးနှင့် မြန်မာ့တိုးတက်မှု၊ ကြိုးပမ်းအောင်မြင်မှုများကို မျက်ကွယ်ပြုကာ စွပ်စွဲပုတ်ခတ်နေကြခြင်း ဖြစ်သည်။ **“မမှန်တဲ့စကား ဖြစ်ပစေ၊ ထပ်ပြန်တလဲလဲသာပြော၊ ကြာတော့ယုံလာလိမ့်မည်”** ဟူသော ယုတ်မာကောက်ကျစ်လှသည့် ဝါဒဖြန့်ဒဿနကို အမွေဆက်ခံထားကြသော ကိုလိုနီလက်သစ်တို့၏ မီဒီယာများက အသားလွတ် ပုတ်ခတ်နေကြခြင်းသာဖြစ်သည်။

နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာမှု အကူအညီပေးမှုများကိုပင် မပျက်ပျက်အောင် ဘေးတီး၊ သပ်လျှို၊ ခြေထိုးကြသည်။ မြန်မာကလေးသူငယ်များ အာဟာရမပြည့်၊ ကျန်းမာရေးချို့တဲ့နေပြီ စသော လုံးဝမှားယွင်းသော သတင်းမျိုး၊ မူးယစ်ဆေးဝါးပပျောက်လုနီးနီး အခြေမှာပင် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လိမ်ညာစွပ်စွဲဆဲဖြစ်သည်။ ဘိန်းဓားပြသောင်းကျန်းသူများ၊ ပြည်ထောင်စု ပြိုကွဲရေးလုပ်ဆောင်နေသူများကို ပွဲထုတ်မြှောက်ပင့် အသုံးချကာ မြန်မာနိုင်ငံကို ထိုးနှက်နေကြပေသည်။ မြန်မာတို့၏ တည်ဆောက်မှုအားလုံးသည် မြန်မာတို့၏ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ခဲ့ရသည်။ ဤတည်ဆောက်မှုများ ရပ်တန့်ယုတ်လျော့သွားအောင် အတင်းအဓမ္မလုပ်အားပေးခိုင်းသည်ဟု ပုတ်ခတ်နေခြင်းသာဖြစ်သည်။ ဘာသာရေး လွတ်လပ်ခွင့် အရှိဆုံး ဘာသာတရားစုံအတူ ယှဉ်တွဲနေထိုင်ကာ ဘာသာရေးပဋိပက္ခအကင်းဆုံးနိုင်ငံဖြစ်လျက် ဘာသာရေးလွတ်လပ်ခွင့် မရှိဟုစွပ်စွဲသည်။ စင်စစ်ဘာသာရေးအရေခြုံပြီး နိုင်ငံကိုဖြိုခွဲခွင့် မရ၍ ပေါ်ထွက်လာသော စွပ်စွဲချက်ဖြစ်သည်။ မြန်မာ့နယ်စပ်ကို တပ်မတော်၊ ရဲ၊ ပြည်သူ့စစ်တို့ ကာကွယ်ထားသဖြင့် မြန်မာနိုင်ငံအတွင်းခိုးဝင်၊ ဘိန်းချက်၊ ဆေးပြားရိုက်၊ သောင်းကျန်းမှုအတွက် လူသစ်စု၊ ဆက်ကြေးတောင်း၊ မရကြသောအခါ တပ်မတော်၊ရဲ၊ပြည်သူ့စစ်တို့ကို မမှန်မကန်ပုတ်ခတ်စွပ်စွဲကာ နယ်စပ်တွင် မနေနိုင်အောင် လုပ်နေကြခြင်းဖြစ်သည်။ မြန်မာ့မြေပြင်၊ ရေပြင်တို့၌ သဘာဝဓာတ်ငွေ့ အလျှံပယ်ထွက်လာပြီး ရောင်းပန်းဝယ်ပန်းပွင့်လာသောအခါ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်သဖြင့် သဘာဝပတ်ဝန်းကျင် ပျက်ကုန်ပြီဟု ဆိုကြပြန်သည်။ ထိုစွပ်စွဲချက်အားလုံး အခြေအမြစ်မရှိချေ။ နိုင်ငံကို သစ္စာဖောက်ဖျက် ပုန်ကန်ထွက်ပြေးသော ပြည်ပြေး၊ ဝရမ်းပြေး၊ တရားခံပြေးများနှင့် ပူးပေါင်း ဖန်တီးသော စွပ်စွဲပုတ်ခတ်ချက်များသာ ဖြစ်သည်။ ထိုစွပ်စွဲချက်များ တစ်ခုတလေမျှ နည်းနည်းကလေးမှ မမှန်ကန်ကြောင်း မြန်မာတို့သိသည်။ ကမ္ဘာကလည်း သိပါသည်။ ထို့ကြောင့် ထိုစွပ်စွဲပုတ်ခတ်ချက်များအတွက် အိပ်ရေးပျက်ခံနေစရာမလို။

ရှေ့ဆက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ကြရဦးမည်။ တည်ဆောက်ကြရဦးမည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းကြရဦးမည်။ ဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိတို့နိုင်ငံ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် လူ့စွမ်းအားအရင်းအမြစ်များ အသုံးပြုလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ရဦးမည်ဖြစ်သည်။

ထိုမျှမက နောင်အရှည်သဖြင့် မြန်မာပြည်သူများ၏ သဘောဆန္ဒနှင့်အညီ မြန်မာနိုင်ငံ၊ မြန်မာလူထုကောင်းကျိုး ချမ်းသာကို ဖန်တီးနိုင်ရေးအတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ဆက်လက်၍ပြည်ထောင်စု၏ သားသမီးများ၊ စုပေါင်းအားဖြင့် ဖော်ဆောင်တည်ဆောက်ကြရဦးမည်ဖြစ်သည်။

ယခုနှစ်ကုန်ပိုင်း၌ အနာဂတ်နိုင်ငံတော်ကိုဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်ရန်အတွက် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှု၊ မိမိဓလေ့စရိုက်နှင့် ကိုက်ညီသည့် အခြေခံမူများကို နိုင်ငံရေးအင်အားစုများစုံညီစွာဖြင့် အမျိုးသားညီလာခံတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာ ချမှတ်ဆောင်ရွက်ကြမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအခန်းခေါင်းစဉ်များတွင် အသေးစိတ် အခြေခံရမည့်မူများချမှတ်လျက်ရှိရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် အာဏာခွဲဝေမှုအပိုင်းတွင် ပါရှိသည့်ဥပဒေပြုရေးနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီဖြစ်သည်။

အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက်လည်း ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုချက်များကို တင်ပြပြီးဖြစ်၍ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအတွက် အသေးစိတ်အခြေခံရမည့် မူများကိုလည်း ချမှတ်နိုင်တော့မည်ဖြစ်ပေသည်။

နိုင်ငံတော်တွင် ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားပြီး နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ ညီညွတ်လက်ယှက်ကြိုးပမ်းခဲ့သဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များ ခရီးရောက်လာခဲ့ပြီဖြစ်သည်။ အခြေခံအဆောက်အအုံ တည်ဆောက်မှုများသည်လည်း ပြည်နယ်၊ တိုင်း၊ မြို့ပြ၊ ကျေးလက် တစ်ပြိုင်နက် ထူးထူးကဲကဲ ဖွံ့ဖြိုးလာနေပြီဖြစ်သည်။

ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဘက်စုံတိုးတက်မှုများကား စာအုပ်တွဲများစွာ ရေးသားတင်ပြမှသာ ပြည့်စုံပေမည်။ ယခုတင်ပြခဲ့သမျှကို ကြည့်လျှင်ပင် တပ်မတော်အစိုးရက နိုင်ငံတော်တာဝန်ကို ရယူခဲ့ရသည့် ၁၇နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု၊ ကောင်းကျိုးရလဒ်၊ အသီးအပွင့်များမှာ ဖရဏာပီတိဂွမ်းဆီထိ လောက်ပေသည်။ ရရှိပြီး အပေါင်းလက္ခဏာ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းသာယာမှုတို့ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အရောက် ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ညီညာလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ လေအားသုံး လျှပ်စစ်ဓာတ်အားစက်ရုံဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံဖြည့်ဆည်းပေးနေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူမှုရေးအသင်းအဖွဲ့များလည်းပါဝင်

▲ ကျောဖုံးမှ

စက်တင်ဘာ ၁၄ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာသို့ ရောက်ရှိခဲ့သည်။

ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လေအားသုံး လျှပ်စစ်ဓာတ်အားစက်ရုံ ဖွင့်လှစ်နိုင်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပြီး ထုံးအိုင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုသည့် လေအားသုံး လျှပ်စစ်ဓာတ်အားစက်ရုံ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက်တွင် အဆိုပါကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထုံးအိုင်ကျေးရွာ လေအားသုံး လျှပ်စစ်ဓာတ်အားစက်ရုံ ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့၌ ကျင်းပရာ စက်ရုံ တည်ဆောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးစိုးလွင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် လေအားသုံး လျှပ်စစ်ဓာတ်အားသွင်းစက်ရုံကို ကြည့်ရှုကြပြီး ကျေးရွာပြည်သူများအား လိုအပ်သည်များကို ရှင်းလင်း ဆွေးနွေးခဲ့သည်။ အဆိုပါ စက်ရုံမှာ လေးပေမီးချောင်း အချောင်း ၂၀ကို မီးထွန်းလင်းပေးနိုင်သည့် စက်ရုံဖြစ်ပြီး ငွေကျပ်ငါးသိန်းခန့် အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

လေအားသုံး ဓာတ်အားသွင်းစက်ရုံ ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များသည် ကျေးလက်နေ ပြည်သူများနှင့် စကားဝိုင်းများဖွဲ့ကာ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး ကြသည်။

အဆိုပါ စကားဝိုင်းတွင် ကျေးလက်ပြည်သူတစ်ဦးက ၎င်း၏အမြင်များကို ဆွေးနွေးတင်ပြရာ၌ နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စပ်ဒေသများပါ မကျန် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နယ်စပ်ဒေသ များနှင့် ယင်းဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ အခြေအနေများသည် ယခင်အခြေအနေများနှင့်မတူ သိသိ သာသာ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါး ထင်ထင် တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

ယင်းကဲ့သို့ကဏ္ဍပေါင်းစုံတိုးတက်လာအောင်ဆောင်ရွက် လျက်ရှိရာတွင် ဒေသနေပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာရေး တို့အတွက် မိမိတို့ကိုယ်တိုင်ကလည်း ဖိဖိစီးစီးကြိုးပမ်းဆောင် ရွက်ကြရန်လိုကြောင်း၊ လေအားသုံး လျှပ်စစ် ဓာတ်အားသွင်း စက်ရုံများကို ဆက်လက်အကောင်အထည်ဖော်သုံးစွဲရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလားတူ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်၏ပံ့ပိုးမှုနှင့် ကျန်းမာရေးဌာန တို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း ဖြင့် ၎င်း၏အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသွား သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် ကရင်ပြည်နယ်တာဝန်ခံဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် စက်တင်ဘာ ၁၅ရက်တွင် ဘားအံမြို့နယ် အတွင်းရှိ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးတို့ ဘားအံမြို့နယ် ဇာသပြင် တိုက်နယ် ခရားအတွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ရှိ ခေတ်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နယ်စပ်ဒေသများနှင့် ယင်းဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏အခြေအနေများသည် ယခင်အခြေအနေများနှင့်မတူ သိသိသာသာ ပြောင်းလဲဖွံ့ဖြိုး တိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရ၊

ကဏ္ဍပေါင်းစုံတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိရာတွင် ဒေသနေပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှု အဆင့်အတန်း မြင့်မားလာရေးတို့အတွက် မိမိတို့ကိုယ်တိုင် ကလည်း ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဘားအံမြို့နယ် ဇာသပြင်တိုက်နယ် ခရားအတွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အတွက် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးရင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကမြင်ကျေးရွာ တောင်ကလေး ဘုန်းတော်ကြီးကျောင်း၌ ဘုန်းတော်ကြီးသင်ပညာရေး ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၌ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ရေကောင်းရေသန့်ရရှိရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

ဝေဖန်ပုတ်ခတ် စွပ်စွဲမှုများ မမှန်ကန် ကျေးရွာများ ဖွံ့ဖြိုးမှုက သက်သေပြ

❒ စာမျက်နှာ ၁၀ မှ
ကျေးရွာတစ်ခုဖြစ်သည့် ဇာသပြင်တိုက်နယ် ခရားအတွင်းကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့လည်း တက်ရောက်အားပေးခဲ့သည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးရင်ထံ ကွန်ပျူတာ တစ်စုံကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျောင်း၏ စာသင်ခန်းများနှင့် ခေတ်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

အဆိုပါကျေးရွာ၌လည်း ကျေးလက်နေ ပြည်သူများ အသိတရားနိုးကြားရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စသည့်အသင်းအဖွဲ့များမှ အဖွဲ့ဝင်များသည် ကျေးလက်နေ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် လူမှုရေးအသင်းအဖွဲ့ဝင်များက ကလေးဆေးတိုက်ကျွေးမှု၊ ကလေးကိုယ်အလေးချိန်မှတ်တမ်းယူမှု၊ ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးမှု၊ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါ ပညာပေးရေးနှင့် ကာကွယ်ရေးအစီအစဉ်များ၊ ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်မှုဆိုင်ရာများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ကျေးရွာများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ပေးနေမှုများကို ဆွေးနွေးပြောကြားကြပြီး ကျေးလက်နေ ပြည်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပြန်လည်ဖြေကြားခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ စည်းလုံးညီညွတ်စွာဖြင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ထုံးအိုင်ကျေးရွာနှင့် ခရားအတွင်းကျေးရွာ စသည့် ကျေးလက်ဒေသများသည် ယခင်ကနှင့်မတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

သက်သေပြလျက်ရှိ

ကျေးရွာများ၌ လယ်ယာစိုက်ခင်းကြီးများ၊ မွေးမြူရေးခြံကြီးများ ဖြစ်ထွန်းအောင်မြင်ခြင်း၊ တယ်လီဖုန်းများ တပ်ဆင်အသုံးပြုလာနိုင်ခြင်း၊ စာကြည့်တိုက်များကြောင့် စာပေဗဟုသုတများ လေ့လာဖတ်ရှုနိုင်ခြင်း၊ တံတားများ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်လာခြင်း၊ လေအားသုံး လျှပ်စစ်ဓာတ်အားအပြင် စပါးခွံအစရှိသည့် ဘေးထွက်စွန့်ပစ်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှုမရှိအောင်အသုံးပြုကာ လျှပ်စစ်ဓာတ်အားရရှိအောင်ဆောင်ရွက်နိုင်မှုကြောင့် မြန်မာ့အသံနှင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်များအပြင်၊ ဂြိုဟ်တုစလောင်းများပါ တပ်ဆင်အသုံးပြုလာနိုင်ခြင်း၊ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်မှုကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကျေးလက်နေ ပြည်သူများ၏ ပညာသင်ကြားရေးကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကလည်း အထောက်အကူပြုခြင်း စသည်တို့ကြောင့် ထုံးအိုင်ကျေးရွာ၊ ခရားအတွင်းကျေးရွာ စသည့် ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအပေါ် မနာလိုမရှုဆိတ်နေသည့် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများ၏ မဟုတ်မမှန် ဝေဖန်ပုတ်ခတ်စွပ်စွဲမှုများ မမှန်ကန်ကြောင်းကို အဆိုပါကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြလျက်ရှိနေခြင်းဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၉-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ Sunday Talk
၈း၀၅ ပြည်တွင်းသတင်းအကျဉ်း
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ ပန်းပျိုးလက်
၈း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀ မြန်မာ့သစ်လုပ်ငန်း အမှတ်(၃)ပရိဘောဂစက်ရုံ
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ Star Album(5)
၉း၂၅ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ မိုးလေဝသခန့်မှန်းချက်
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ ရှုမငြီးစရာပုသိမ်ထီးကမ္ဘာ
၉း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ ပြည်သူ့အတွက်ကျန်းမာရေး (ပိုးလေးဖက်နာရောဂါ မေးမြန်းခန်း)
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ ဖီဖာကမ္ဘာ့ဖလား အပိုင်း(၂)
၁၀း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀ အမျိုးသားပြတိုက် မြန်မာ့အကခ္ခရာနှင့် လက်ရေးမူပြခန်း
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၅း၀၀ ပွဲကြိုသုံးသပ်ချက်(၁)
လိုင်း 5-Cartoons (Live)
၅း၃၀ Liverpool-Man; United
လိုင်း 5-Cartoons(Live)
၇း၃၀ BlackBurn-New Castle
လိုင်း 5-Cartoons(Live)
၈း၃၀ Wigan-Mid:brough
လိုင်း 5-Cartoons(Live)
၉း၃၀ Man City-Bolton
လိုင်း 5-Cartoons(Live)
၁၁း၃၀ Final Score
လိုင်း 5-Cartoons(Live)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနေ ဒေါ်လှလှတိုး (မဟာကော်ဖီမှုန့်)က အသက်(၇၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်လွင် လက်ခံယူစဉ်။
(က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၇-၉-၂၀၀၅)

ဟားခါး	၄	ဒသမ	၈၁	လက်မ
စစ်တွေ	၄	ဒသမ	၀၁	လက်မ
မင်းတပ်	၂	ဒသမ	၇၉	လက်မ
မောင်တော	၂	ဒသမ	၅၆	လက်မ
ဖလမ်း	၂	ဒသမ	၄၄	လက်မ
ကျောက်ဖြူ	၂	ဒသမ	၁၆	လက်မ
ကန့်ဘလူ	၁	ဒသမ	၈၅	လက်မ
မုံရွာ	၀	ဒသမ	၇၅	လက်မ
ညောင်ဦး	၀	ဒသမ	၄၃	လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၉-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကရေ၊မဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈း၂၅ ၉။ အဆိုပြိုင်ပွဲ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Say it in English
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိန္ဒာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၃၉)**
၁၂း၂၀ ၅။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (စက်ဘီး)
၁၂း၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"လောက၏ပုစ္ဆာများ" (လွင်မိုး၊နန္ဒာလှိုင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂း၃၅ ၇။ အကပြိုင်ပွဲ
၂း၄၀ ၈။ ကျောက်တစ်လုံး ရေကူရေလှောင်တမံ
၂း၄၅ ၉။ International News.
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅း၁၅ ၆။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား/အမျိုးသမီး)**
၅း၃၀ ၇။ အတီးပြိုင်ပွဲ
၅း၃၅ ၈။ တေးဂီတအစီအစဉ်
၅း၄၅ ၉။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၅း၅၅ ၁၀။ ဆိုကြမယ်၊ပျော်ကြမယ်
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း-၈)**
၇း၄၀ ၁၄။ တေးဂီတအစီအစဉ်
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း-၉)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✳ ရှမ်းပြည်နယ်မှ

တပ်မတော်အရာရှိများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေတာဝန်ခံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများနှင့် အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ တည်နေရာအကျယ်အဝန်း လူဦးရေနှင့် အိမ်နီးချင်းနိုင်ငံ သုံးနိုင်ငံနှင့် နယ်နိမိတ်အားဖြင့် ၅၅၄မိုင် ထိစပ်နေမှုအခြေအနေ၊ နယ်စပ်ဒေသရှိ ပြည်သူများအား အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိုင်းလားနှင့် မိုင်းပေါက်မှလွဲ၍ မိုင်းခုတ်၊ ပုံပါကျင်၊ တုံတာ၊ မိုင်းယု၊ ကျိုင်းလပ်၊ တာလေ ကျေးရွာအုပ်စုခြောက်ခုတို့ကို မြို့အဆင့်တိုးမြှင့်ပြီး နောက်ပိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများအခြေအနေ၊ စိုက်ပျိုးမြေ ၃၁၉၃၁၄ဧကရှိသည့်အနက် ၂၀၀၄–၂၀၀၅ ခု မိုးစပါးရာသီတွင် လယ်စပါး ၁၄၀၈၄၃ ဧက၊ ယာစပါး ၄၀၆၁၇ဧက၊ တောင်ယာစပါး ၅၈၇၁၁ဧက စုစုပေါင်း ၂၄၀၁၇၁ဧကနှင့် နွေစပါး ၂၀၀၉၃ ဧက စိုက်ပျိုးနိုင်ခဲ့မှုအခြေအနေနှင့် ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၁၂၉ ဒသမ ၁၁ ရာခိုင်နှုန်းရှိမှုအခြေအနေ၊ နိုင်ငံတော်မှ သတ်မှတ်ထားသော အဓိကသီးနှံ ၁၀မျိုးအနက်မှ မတ်ပဲနှင့် ပဲတီစိမ်းမှလွဲ၍ အခြားသီးနှံများ စိုက်ပျိုးနိုင်ခဲ့မှုနှင့် ထွက်ရှိမှုအခြေအနေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧကလေးသိန်းပြည့်မီစွာ စိုက်ပျိုးနိုင်ရန် ကုန်းမြင့်လယ်ယာမြေများအပါအဝင် နှစ်အလိုက် တိုးချဲ့ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ၂၈၈၀ ဒသမ ၆၄ ဧက စိုက်ပျိုးခဲ့ရာမှ နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များ၊ ကျန်းမာရေး၊ ပညာရေး၊လူမှုရေးကဏ္ဍများနှင့် ဒေသတွင်းကြက်၊ ဝက်မွေးမြူမှုအခြေအနေများနှင့် မြေလွတ်မြေရိုင်းဖော်ထုတ်ရေး လုပ်ငန်းအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ပညာရည်ချွန်ဆုပေး

ယင်းနောက် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အောင်ချက်အကောင်းဆုံးရရှိသော မိုင်းခတ် အခြေခံပညာအထက်တန်းကျောင်းနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုင်းစီလီဝန်းတစ်၊ ကျိုင်းတုံမြို့နယ် လွိုင်မွေအခြေခံပညာ အထက်တန်းကျောင်းမှ မောင်ရဲဇော်ထွန်းနှင့် ကျိုင်းတုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မနန်းဝမ်းလွဲတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဌာနဆိုင်ရာများက နှစ်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူငါးဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၇ဦး တို့အားလည်းကောင်း၊ ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးကြသော ဆရာ၊ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျိုင်းတုံမြို့ အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မနန်းဝမ်းလွဲက ကျေးဇူးတင်စကားပြောကြားသည်။

ကြိုးပမ်းတည်ဆောက်နေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားရာတွင် ယနေ့ကာလသည် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းမှုစွမ်းအားဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့မှ ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်ကြောင်း။

ဤသို့ကြိုးပမ်းတည်ဆောက်ရာတွင် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်ဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် လစ်ဟာမှုမရှိစေရန် ကဏ္ဍစုံမှ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ရှမ်းပြည်နယ်တစ်ခုလုံး အခြေခံအဆောက်အအုံ (Infrastructur) များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် တွေ့ဆုံပွဲနှင့် ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးမြို့နှင့် ကျောင်းများအပါအဝင် ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသည့် ဆရာ၊ ဆရာမများကိုပါ ဂုဏ်ပြုဆု ချီးမြှင့်ရသဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများ၊ဆရာ၊ဆရာမများနှင့် ကျောင်းများ တိုးတက်ပေါ်ထွန်းလာပါစေဟု ဆန္ဒပြုပါကြောင်း။

ပြုစုပျိုးထောင်

ယခုကဲ့သို့ ဒေသခံကျောင်းသားလူငယ်များ ပညာရည်ထူးချွန်မှုမှသည် ပညာဉာဏ်ဗဟုသုတနှင့် ပြည့်စုံရေး၊ အမြင်ကျယ်ပြီး အတွေးအခေါ်မှန်ကန်လာစေရေးတို့ကို ဦးတည်ပြီး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံနှင့် မိမိနေထိုင်ရာဒေသ၏ အနာဂတ်ကို မိမိတို့ကပင် အတွေးအခေါ်မှန်ကန်စွာဖြင့် အကောင်းဆုံး၊အကျိုးအရှိဆုံးလမ်းကြောင်းမှန်ကို ရွေးချယ်တတ်ကြပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုနိုင်သော ဘက်စုံပညာထူးချွန်သည့် နိုင်ငံသားကောင်း ရတနာမျိုးဆက်သစ်များဖြစ်ထွန်းလာကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ထူးချွန်ဆုရရှိသောကျောင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ထူထောင်တည်ဆောက်ရာတွင် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးသည် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

စေတနာကိုတုံ့ပြန်

နိုင်ငံတော်က ဒေသနေတိုင်းရင်းသားပြည်သူများပေါ် ထားရှိသော စေတနာကို တုံ့ပြန်သောအားဖြင့် ဒေသခံမိဘပြည်သူများအပိုင်းကလည်း ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသီးသီးရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အတူလက်တွဲပြီး ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ ပညာရည်မြင့်မားရေး၊ အတွေးအခေါ်ရင့်ကျက်ခိုင်မာရေးနှင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုနိုင်သော ဘက်စုံပညာ ထူးချွန်သည့် နိုင်ငံသားကောင်း မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေးအတွက် မိမိတို့ ကျရာကဏ္ဍမှနေ၍ ဝိုင်းဝန်းပူးပေါင်းပါဝင် ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းနှင့် နယ်မြေဖွံ့ဖြိုးရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ အမြန် တည်ဆောက်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပိုမိုကြိုးစား၍ အကြံကောင်းဉာဏ်ကောင်းများထုတ်ကာ ဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

မိုးသက်လေပြင်း ကျရောက်ခြင်း

တစ်နာရီမိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်

ရန်ကုန် စက်တင်ဘာ ၁၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းရှိ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက် ရန်ကုန်အနောက်ပိုင်း ခရိုင်၏ ၂၀၀၂–၂၀၀၃၊ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေး နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၇ရက်က အလုံမြို့နယ် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမတွင် ကျင်းပရာဝန်ထမ်းပေါင်းစုံသမဝါယမ အသင်းလီမိတက် ရန်ကုန် အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း အမှာစကားပြောကြားစဉ်။

(၂၉)





မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအား UN-IAP မှ ညှိနှိုင်းရေးမှူး လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်အား UN-IAP Myanmar Office မှ အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူး ဒေါက်တာ အိကလျာမိုးသည် ယမန်နေ့ ညနေ ၃နာရီတွင် အဖွဲ့ချုပ်ရုံးသို့ လာရောက်တွေ့ဆုံ၍ UN-IAP နှင့် ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည့် လူကုန်ကူးခြင်းဆိုင်ရာ သင်တန်းများကို ပြည်နယ်နှင့်တိုင်းများသို့ လှည့်လည်၍ ဆောင်ရွက်နေသော Mobile Team ကိစ္စရပ်များ၊ လူကုန်ကူးခြင်းခံရသူများအား မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးသည့် ကိစ္စရပ်များ၊ (Coordinated Mekong Ministerial Initiative against Trafficking) COMMIT လုပ်ငန်းစဉ်နှင့် ပတ်သက်၍ National Plan of Action ရေးဆွဲရန် ကိစ္စရပ်များနှင့် လူကုန်ကူးခြင်းဆိုင်ရာ Regional Training ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်အား UN-IAP Myanmar Office မှ အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူး ဒေါက်တာ အိကလျာမိုး လာရောက်တွေ့ဆုံစဉ်။ (အမျိုးသမီးရေးရာအဖွဲ့ချုပ်)

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မြရတနာမြို့သစ် ဇီဇဝါလမ်းနေ မိခင်ကြီး ဒေါ်သန်းအား အမှူးထားပြီး ဦးတင်အေး(ကျန်းမာရေးမှူး) ဒေါ်သိန်းမြင့်မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး တင်သိန်းလွင် (ငြိမ်း)နှင့် ဒေါ်ခင်သန်းချိုတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကြက်တောင် ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တွင် နိုင်ငံတကာအဆင့်မီ ထူးချွန်သော ဒိုင်လူကြီးကောင်းများ ပေါ်ထွက်လာစေရေးကိုရှေးရှု၍ ကြက်တောင်ကစားနည်းဥပဒေနှင့် ဒိုင်လူကြီးသင်တန်းကို စက်တင်ဘာ ၂၁ ရက် မှ အောက်တိုဘာ ၂ ရက်အထိ နေ့စဉ် ညနေ ၄ နာရီမှစ၍ ကျုံးကြီးလမ်း အမျိုးသားကြက်တောင်အားကစားခန်းမတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ကြက်တောင်ကစားနည်း တတ်ကျွမ်းသူများနှင့် ဝါသနာရှင်များ တက်ရောက်နိုင်ကြောင်းနှင့် လက်ရှိဒိုင် အဖွဲ့ဝင်များလည်း မွမ်းမံသင်တန်းအဖြစ် တက်ရောက်ရမည်ဖြစ်ကြောင်းနှင့် ဖုန်း-၂၂၁၄၉၆ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် စက်တင်ဘာ ၁၇

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက်မြန်မာစံတော်ချိန် (၀၆း၃၀) နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင် လယ်အော်အရှေ့အလယ်ပိုင်းရှိ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

စက်တင်ဘာ ၁၈ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင်နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပွဲ ချန်ပီယံ ဘဏ္ဍာ/အခွန်က စွန်ရဲကို အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းတွင် စတင်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက စွန်ရဲအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း ၃ဂိုး။
(ရန်ပိုင်း-၂ဂိုး၊ ကျော်သူရ-၁ဂိုး)
စွန်ရဲအသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးဝင်းဦး။

လက်ရှိ ချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းသည် အမာခံ ကစားသမား အချို့ကို အနားပေးထားသော်လည်း အဆင့်မြင့်တန်းသို့ ပထမဦးဆုံးအကြိမ် တက်ရောက်လာသည့် စွန်ရဲအသင်းကို ဂိုးပြတ်သွင်းယူကာ ပွဲဦးထွက် သုံးမှတ်စတင်ရရှိသွားသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ယမန်နှစ် ဘောလုံးရာသီ၌ ဆွတ်ခူးရရှိခဲ့သော ဖလားသုံးလုံးအနက် ကွင်းဖွင့်ချန်ပီယံဘွဲ့ကို စွန့်လွှတ်လိုက်ရ၍ အမှတ်ပေးချန်ပီယံဘွဲ့ကို ထိန်းသိမ်းနိုင်ရန် ယခုပွဲမှစတင်ပြီး အနိုင်ရရှိရေး ကြိုးစားကစားခဲ့သည်။ စွန်ရဲအသင်းမှာ ရှုံးနိမ့်ခဲ့သော်လည်း အားကုန်ထုတ် ကစားသွားခဲ့သည်။

ပထမပိုင်းတွင် ပွဲမှာတစ်ဖက်သတ် မဖြစ်ဘဲ အပြန်အလှန် ရှိခဲ့သည်။ တန်းတက် စွန်ရဲအသင်းမှာ ဘဏ္ဍာ/အခွန်အသင်းနှင့် ပညာ၊ သမ္မာချင်း ကွာခြားသော်လည်း အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ပွဲမှာ တစ်ဖက်သတ်မဖြစ်ခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန် အသင်းတွင် မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ အောင်အောင်ဦးတို့ မပါဝင်သော်လည်း ရန်ပိုင်၊ ဇော်ထိုက်တို့က အသင်းကို ဦးဆောင်ကစားခဲ့ပြီး ပထမပိုင်းကတည်းက အနိုင်ဂိုးများကို သွင်းယူနိုင်ခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းသည် ဂိုးရရှိရေး တိုက်စစ်ကို ဖွင့်ကစားသော်လည်း စွန်ရဲအသင်းက ဂိုးမပေးရရေး ပိတ်ဆို့ကစားနေသည်။ ခံစစ်ကြောင်းကို ဘဏ္ဍာ/အခွန်က နေရာစုံမှ ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ၂၅ မိနစ်ကျမှ အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ကျော်သူရက စွန်ရဲနောက်ခံလူများကို လိမ်ခေါက်ပြီး ကန်တင်ပေးသော ဘောလုံးကို အသင်းခေါင်းဆောင် ရန်ပိုင်က ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် ဘဏ္ဍာ/အခွန်က ဖိကစားလာရာ ၄၄ မိနစ်တွင် ဇော်ထိုက်ပေးသော ဘောလုံးကို ကျော်သူရက အပိုင်တည်ကန်သွင်းယူလိုက်သဖြင့် ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်က နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင်လည်း စွန်ရဲအသင်းက ခံစစ်ကိုသာ အလေးပေးနေ၍ ဘဏ္ဍာ/အခွန်က အချိန်တော်တော်များများ ဖိကစားနိုင်ခဲ့သည်။ စွန်ရဲအသင်းက ဂိုးထပ်မံမပေးရရေး ခံစစ်အဓိကထားကစားသော်လည်း ဘဏ္ဍာ/အခွန်က တတိယအနိုင်ဂိုးကို သွင်းယူသွားခဲ့သည်။ စိုးလင်းထွန်း ညာကြောမှ ကန်တင်ပေးသော ဘောလုံးကို ရန်ပိုင်ကပင် ပြေးဝင် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် စွန်ရဲအသင်းက ချေပဂိုးပြန်လည်ရရှိရေး တိုက်စစ်ဖွင့် ကစားလာသော်လည်း ဘဏ္ဍာ/အခွန်အသင်းက အသင်းကြီးပီပီ ပါးနပ်စွာ ထိန်းကစားသွားသဖြင့် ဘဏ္ဍာ/အခွန်က သုံးဂိုး အနိုင်ဖြင့်သာ ပွဲသိမ်းခဲ့သည်။



ဘဏ္ဍာ/အခွန်တိုက်စစ်မှူး ရန်ပိုင်၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို စွန်ရဲ ဂိုးသမား သီဟစည်သူနှင့် နောက်ခံလူ ထင်ကျော်အောင်တို့ ကာကွယ်ဖျက်ထုတ်စဉ်။

(ကြေးမုံ)

မြန်မာ-မလေးရှား ချစ်ကြည်ရေးပိုက်ကျော်ခြင်း ခြေစမ်းပွဲ သတင်းစာရှင်း

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာ-မလေးရှား နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုက်ကျော်ခြင်းပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အမျိုးသားအားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် မလေးရှားနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Dato H.J Ahmad Ismail က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ချစ်ကြည်ရေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မေးမြန်းချက်များကို ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် မလေးရှား ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပြန်လည်ဖြေကြားကြသည်။

မြန်မာ-မလေးရှား ချစ်ကြည်ရေး ပိုက်ကျော်ခြင်းပွဲကို စက်တင်ဘာ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

ယနေ့ပွဲ

ညနေ (၄)နာရီ

(သုဝဏ္ဏကွင်း)

မြို့တော်စည်ပင်နှင့် ကမ္ဘောဇ။

(အောင်ဆန်းကွင်း)

ဆောက်လုပ်ရေးနှင့် ပြည်ထဲရေး။

(ပဒုမ္မာကွင်း)

ကာကွယ်ရေးနှင့် စွမ်းအင်။

(ပဒေသာကွင်း)

တံခွန်နှင့် လယ်ယာထွက်ကုန်။

(ကြေးမုံ)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို မြန်မာ-မလေးရှား ချစ်ကြည်ရေး ပိုက်ကျော်ခြင်းခြေစမ်းယှဉ်ပြိုင်ပွဲ

နေ့ရက် - ၂၀-၉-၂၀၀၅(အင်္ဂါနေ့)
၂၂-၉-၂၀၀၅(ကြာသပတေးနေ့)
အချိန် - မွန်းလွဲ (၂း၀၀)နာရီ
နေရာ - အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ။

အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

မြန်မာ့ပိုက်ကျော်ခြင်းအားကစား တိုးတက်မြင့်မားစေဖို့ ဝိုင်းဝန်းအားပေးကြပါစို့။

သတိ

၁။ ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)တို့ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် ထောင်ဒဏ်(၃)နှစ်။

(ခ) ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုပေးမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရှမ်းပြည်နယ်တစ်ခုလုံး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံကောင်းများပေါ်ထွန်း ဘက်စုံထူးချွန်သည့် နိုင်ငံသားကောင်းများပေါ်ထွန်းရေး ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန်　　စက်တင်ဘာ　　၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စက်တင်ဘာ ၁၄ ရက် ညနေ ၄နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို မှာကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့တို့အကြား ရန်ကုန်–မန္တလေး ခြောက်လမ်းသွားလမ်းမပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ် ဖြတ်သန်းတည်ဆောက်ထားသည့် မြစ်ငယ်တံတားကို တွေ့ရစဉ်။ (သတင်း–ရှေ့ဖုံး)　　(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူ စည်းလုံးညီညွတ်စွာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့ ကရင်ပြည်နယ်မှ ထုံးအိုင်ကျေးရွာနှင့် ခရားအတွင်းကျေးရွာများ ယခင်နှင့်မတူ အဘက်ဘက်ကတိုးတက် လေအား၊ စပါးခွံ စသည်တို့ကိုအသုံးပြုကာ လျှပ်စစ်မီး ထုတ်လုပ်သုံးစွဲနိုင်၍ လူနေမှုဘဝမြင့်မား

ရန်ကုန်　　စက်တင်ဘာ　　၁၇

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းဟူ၍ ဖွံ့ဖြိုးရေးစီမံကိန်းသုံးခုချမှတ်ကာ ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ နိုင်ငံတော်သည် ယခင်ကနှင့်မတူ ပြောင်းလဲဖြစ်ပေါ် တိုးတက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်ရာ၌ မြို့ကြီးများသာမက ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်နေခြင်းဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရာ၌ ကရင်ပြည်နယ်ရှိ ကျေးလက်ဒေသများသည်လည်း ကွက်လပ်မကျန်ခဲ့ဘဲ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယင်းသို့ ဖွံ့ဖြိုးတိုးတက်ရာ၌ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ထုံးအိုင်ကျေးရွာသည်လည်း ပါဝင်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကရင်ပြည်နယ်တာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ကျေးလက်ဒေသလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်ရှုရန်နှင့် အားပေးရန်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များက ကလေးဆေးတိုက်ကျွေးမှု၊ ကလေးကိုယ်အလေးချိန်မှတ်တမ်းယူမှု၊ ဗီတာမင်အေဆေးလုံး တိုက်ကျွေးမှုများကို ပြုစုစောင့်ရှောက်ပေးကြစဉ်။(သတင်းစဉ်)